# အျငမ

## မမကဆယ့်တစ်လါ



## စာဖတ်သူများသို့ ပန်ကြားချက်

ကျွန်မကိုယ်တိုင် ရေးသားသော သျှင်မ ကလောင်နာမည်ဖြင့် လုံးချင်းဝတ္ထုများကို ပတ္တမြားသိုက်စာပေ တစ်ခုတည်းမှသာ ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။

သျှင်မကလောင်ဖြင့် ယခင်က ရေးသားထုတ်ဝေခဲ့သော စာအုပ်များနှင့် ပတ်သက်၍ လည်းကောင်း ပတ္တမြားသိုက်စာပေမှ ထုတ်ဝေလျက် ထုတ်ဝေပြီး စာအုပ်များနှင့် ပတ်သက်၍ လည်းကောင်း ကျွန်မ၏ခွင့်ပြုချက်မရှိဘဲ Online Media များပေါ်၌ Screenshot များတင်ခြင်း၊ Link များပြုလုပ်၍တင်ခြင်း၊ PDF ဖိုင်များပြုလုပ်၍တင်ခြင်း၊ Application များပြုလုပ်ပြီး Download ဆွဲ၍ အသုံးပြုနိုင်ရန် ပြုလုပ်ခြင်း၊ မိတ္တူကူးယူ၍ ရိုက်နှိပ်ဖြန့်ချိခြင်း၊ တခြားသော နည်းအမျိုးမျိုးဖြင့် ကူးယူဖြန့်ချိခြင်းများကို ကျွန်မ၏ ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခွင့်မရှိကြောင်း ပန်ကြားအပ်ပါသည်။

သျှင်မ

* * *

## အခန်း(၁)

ရယ်မောသံ ဖန်ခွက်သံတွေနှင့်အတူ ပုလင်းနှုတ်ခမ်းနဲ့ ဖန်ခွက်တမင်တကာ ထိခတ်စေသော ချွမ်ခနဲ ထန်ခနဲ အသံတွေကလည်း ဆူညံမှုတို့ကိုအား ပေးနေသည်။ ထို့ပြင် ရီဝေနေသော ယစ်မူးခြင်းကို အားပေးအားမြှောက် ပြုနေသည့် ဆလိုက်မီးရောင်တွေက အနီရောင်နှုတ်ခမ်းအစုံ၏

အလှကို ရင်ထဲရောက်အောင် အမျိုးမျိုး ပို့ဆောင်ပြုစားနေခဲ့၏။

"ဘာလဲ ... ဒီတစ်ယောက်ကို ကြွေနေပြီလား ... "

"အင်း ... "

စင်မြင့်ထက်မှာ သူမအလှက အရိုင်းဆန်နေသည်။ လှုပ်ရှားလိုက်တိုင်း တဖျတ်ဖျတ် လက်နေသည့် ပန်းသွေးရောင် ကိုယ်ကျပ်အင်္ကျီက လက်တစ်လုံးလောက် ပခုံးကြိုးလေး တစ်ချောင်းစီပဲရှိသည်။ ကိုယ်ကျပ်က ခြေဖျားထိရှည်ပေမဲ့ ပေါင်လယ်လောက်က ခွဲချထားတာက သူမ လမ်းလျှောက်လိုက်တိုင်း စည်းချက်ညီကာ လှစ်ဟနေကြ၏။ အဆီပိုမရှိ ပါးလျသော ဗိုက်သားရှပ်ရှပ်သည် တင်းပြည့်သည့် ကိုယ်ခန္ဓာအလှမှာ အပေါ်လွင်ဆုံး။ သူမကိုမြင်လိုက်တာနှင့် ဗိုက်လေးကရှပ်နေတာပဲ ဆိုသည့် တီးတိုးရေရွတ်သံ တချို့ကို သူကြားလိုက်သည်။ ပြီးတော့ တက်ခေါက်သံတွေ ဒေါသမပါသည့် ခပ်ကြိတ်ကြိတ် တက်ခေါက်သံတွေက ရမ္မက်ဆန်စွာ တိုးညက် တုန်ခါနေသည်။ တခြားမိန်းကလေး တွေလိုရင်ပြတ်တွေဝတ်ပြီး အပေါ်ထပ် ပါးပါး ထပ်ဝတ်တာ မျိုးလည်းမရှိဘဲ မယဉ်ပေမဲ့ မရိုင်းနိုင်သော သူမအလှသည် သူမ၏ဆံနွယ်တွေ ရှည်လျားဝေ့ဝဲစွာ ဖုံးကွယ်ထားခြင်းကြောင့် ...

"တောက် ... တော်တော်ကိုလှတာ ... "

ဘေးစားပွဲက စကားသံသဲ့သဲ့ ထွက်လာသည်။ သူလှည့်ကြည့်မိ၏။ ဒါနဲ့ဆို ဒီစကားမျိုးပဲပြောနေတာ သုံးခါရှိပြီ။ နည်းနည်းတော့ နားကြားပြင်းကတ်လာပြီဖြစ်ကာ ...

"သီချင်းတော့ သိပ်မဆိုတတ်ဘူး ... သူငယ်ချင်းရဲ့ Friends ဆိုင်ခွဲပေါင်းသုံးဆယ်ပြည့် အထိမ်းအမှတ်မို့လို့လေ၊ Friends ရဲ့ အထိမ်းအမှတ်ပွဲပေါ့ ... "

သူမစကားပြောလိုက်တော့ အသံက ဝဲဝဲနွဲ့နွဲ့လေးနှင့် ကလေးသံမျိုး ဖြစ်သွားသည်။ ဒါပေမဲ့ ချွဲတဲ့အသံမျိုးလည်းမဟုတ်။ ရယ်လိုက်တော့ သွားတန်းလေးတွေက ဖွေးညီနေသည်။ နှုတ်ခမ်းနီရဲရဲ ဆိုးထားပေမဲ့ ရယ်လိုက်လို့ အလှပျက်တာမျိုးလည်းမဖြစ်။ နှာတံပေါ်တာက ပေါ်လွန်းသည့်ထက် ပိုချင်သည်။ ဒါပေမဲ့ လှသည်။ မျက်ဝန်းအိမ် ရှည်သလိုရှိကာ ရယ်လိုက်တော့ မျက်ဝန်းလေးတွေ မှေးစင်းသွားသည်။ ဒါကြောင့် ပို၍ ဆွဲဆောင်မှုရှိသည့် မျက် နှာလေးဖြစ်သွားသည်။

"ဟုတ်ကဲ့ ... ကျွန်မ နည်းနည်းပါးပါးရတဲ့ သီချင်းလေးနဲ့ နှုတ်ဆက်မယ်နော်၊ ဒီတစ်ပုဒ်ပဲ၊ နည်းနည်းပဲ နားညည်းခံပေးပါ ... အိုကေ ... "

သူမ မောနေသည်။ ဟိုက်ချထားသည့် အင်္ကျီရင်ဘတ်နှင့် ရွှေရင်အစုံက မောဟိုက်ခြင်းကြောင့် လှိုင်းထန်လာ၏။ သံစဉ်တွေမှာ လက်ကိုလွှဲလိုက် လက်ခုပ်လေး ဖြစ်သွားလိုက်။ ပြီးတော့ တင်ပါးထိရှည်သော ဆံနွယ်တွေနှင့် ရှုပ်ယှက်ခတ်နေသော သူမ၏ လှုပ်ရှားဟန်တွေက မရိုးနိုင်မအီနိုင် ...၊

ဈေးဗန်းခင်းမယ် ... ဈေးဗန်းခင်းမယ် ... မမဈေးဗန်းခင်းမယ် ...

သီချင်းသံက မူရင်း အဆိုတော်အတိုင်း သွက်သည်။ စကားပြောတွေမှာ မောဟိုက်သံကြောင့် တွန်းပြောသွားသလိုရှိ၏။ ဒါပေမဲ့ စကားလုံးတိုင်းကို ပီပြင်အောင် ပြောသွားသည်။ သူမရဲ့ လှုပ်ရှားမှုတွေမှာ ငေးမောရင်း သူ့လက်မှာ အပူထိမှ တွန့်ခနဲဖြစ်သွား၏။ စီးကရက်မီးက လက်ကိုထိခြင်း ...၊

"ဟား ဟား ဟား ... "

သူငယ်ချင်းဖြစ်သူက သူ့ကိုပဲ အကဲခတ်နေသလား ... ဂရုစိုက်နေတာလား မသိ။ ပခုံးကို လှမ်းရိုက်ပြီး ရယ်လိုက်ရင်း လက်ကြားထဲက စီးကရက်တိုကို ဆွဲယူသွားသည်။ ပြီးတော့ နောက်တစ်ယောက်က ဘလက်လေဘယ်လ် တစ်ဝက်လောက်နှင့် ဖန်ခွက်ကို လက်ထဲ လာထည့်ပေးသည်။ သူကငုံ့ကြ

ည့် ပြီးမှ လက်ပြန်တွန်း၍ ...

"ဘာမှမတိုးတော့ဘူး ... "

ရယ်သံတွေ ထွက်လာသည်။ တိတ်နေသည့် ပရိသတ်ထဲမှာ သူတို့ဝိုင်းကပဲ ဆူညံသံတွေ ဖြစ်နေသလားမသိ ...

"ဖြောင်း ဖြောင်း ဖြောင်း ... "

လက်ခုပ်သံတွေ ထွက်ပေါ်လာသည်။ သူမက မိုက်ကိုက်လျက်လက်နှစ်ဖက်မြှောက်၍ခါရင်း နှုတ်ဆက်ရင်း ...

"သဲနှဲ့ခ်ယူပါ ... အားလုံးသဲနှဲ့ခ်ယူပါ၊ ဒါပေမဲ့ ဒီသီချင်းဆိုလို့တော့ ကျဲကိုအက်ဖ်အေကြီးလို့ မထင်ရဘူးနော် ... မြူးတဲ့သီချင်းလေးတွေပဲ ကျဲကကြိုက်လို့ ... "

စကားပြောပုံလေးက ပွင့်လင်းဟန်လေး ရောနေတော့ အသည်းယားသွားသည်။ သူနေရာမှဆတ်ခနဲ ထရပ်လိုက်လျှင် ...

"ဟာ ... ကောင်းချိန်း ... "

"ဒါတော့ မလုပ်နဲ့ ဟော့ကောင် ... ရှော့ခ်ရှိထားတာ သိပ်မကြာသေးဘူး ... "

"ဟုတ်တယ် ... အဲဒါလေးက ဇယားကင်းတယ်နော်၊ ငါသိတယ် ... "

တားဆီးသံတွေ တစ်ယောက်တစ်မျိုး ထွက်လာသည်။ စင်မြင့်ပေါ် တက်ပြီး ပန်းကုံးစွပ်လို့ မရသည့်ဆိုင်မို့ ဘေးမှာသရဖူမရှိ။ ပန်းကုံးမရှိ။ ကိစ္စမရှိ ... သူဒီတိုင်း ဘောင်းဘီထဲ လက်ထည့်ရင်း သူမဆင်းလာသည့် လှေကားခြေရင်းထိပ်ကို အမီသွားသည်။ သူမက ပုံကျလုလုဂါဝန်စကို လက်လေးနှစ်ဖက်နဲ့ မပြီး လှေကားကို ခေါင်းငုံ့တဲ့အထိ ကြည့်ပြီးဆင်း၏။ ထိုအခါ ဂါဝန်စကို မ နင်းမိအောင်က တစ်ဖက် ပါးပြင်လေး တစ်ဖက်စီကနေ လျှောကျ

နှောင့်ယှက်သည့် ဆံနွယ်တွေက တစ်ဖက်နှင့် တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေသော သူမ ...။ မျက်နှာမော့လိုက်သည်နှင့် သူမရှေ့မှာ ကာဆီးရပ်နေသောကောင်း ချိန်းကိုမြင်လျှင် မျက်ခုံးတန်းလေးတွေ ဆတ်ခနဲ ကုတ်ကျသွား၏။

"ဒါဘာလုပ်တာလဲ ... "

ကောင်းချိန်းက ခပ်မဲ့မဲ့ပြုံးလိုက်ကာ သူကိုင်ထားသည့် စိန်လုံးပါသော ဗ လင်ဗလင်းကို လည်ပင်းကနေ စွပ်ချပေးတော့မလို လက်နှစ်ဖက်နှင့်ကိုင်၍ မြှောက်ပြကာ ...၊

"ဒါ ကျွန်တော့်လည်ပင်းမှာ ဆွဲထားတဲ့ကြိုးပါ ... မင်းကိုဂုဏ်ပြုပန်းကုံး စွပ်ချင်တာ၊ ပန်းကုံးကမရှိတော့ ... "

သူမနှုတ်ခမ်းလေး ဖိစေ့သွားသည်။ မေးရိုးကားသယောင် ရှိသောပါး ချိတ်လေးတစ်ဖက် တင်းခနဲ လှုပ်ခတ်သွားခဲ့ပြီး ...

"ငါကပြီးပြီ ... "

"ကျွန်တော်က မပြီးသေးဘူး ... "

လက်နှစ်ဖက်ဆန့်လာတော့ ဆွဲကြိုးကို ကျဲပေါ် စွပ်ချပေးတော့မလို ဖြစ်လာ၏။ ကျဲက ခေါင်းတိမ်းရှောင်လိုက်ပြီး ...

"ငါက ဒီကအဆိုတော်မဟုတ်ဘူး ... "

"ဒါကြောင့် စိန်လုံးပါတဲ့ ကြိုးကိုပေးတာပေါ့ ... လုပ်မနေစမ်းပါနဲ့၊ ဘာလဲ ... ဒါ ဘယ်လောက်တန်လဲ မသိလို့လား ... "

ကျဲမျက်ဝန်းတွေ မီးတောက်မတတ် ဖြစ်သွား၏။ သူမ အမုန်းတီးဆုံး စကား ...။ အရွံဆုံး ယောကျ်ားမျိုး ...

ဒီအလုပ်ကြောင့် ဒီလိုလူတွေရှိလာတာ မဆန်းဘူး ...။ ဒေါသတွေပြန်

မျိုချစမ်းကျဲ ...

သူမမျက်ဝန်းတွေ အေးစက်စက် အငွေ့အသက်တို့ဖြင့် ဘဝကူးသွားခဲ့ပြီး ...

"ဒီ့ထက်ဆယ်ဆလောက် တန်ဖိုးကြီးတာတွေလည်း ငါမမက်ဘူး ... "

"လုပ်မနေစမ်းပါနဲ့ ... မော်ဒယ် ဆိုတာတွေလည်း ယူချင်လို့ ခြူနေတာတွေပါ ... "

"အဲဒီမော်ဒယ်တွေထဲမှာ နင့်အမေနင့်နှမပါနေရင်ရော ... "

ရယ်မြူးရိပ်နှင့် မျက်နှာ ကွက်ခနဲ တည်သွားသည်။ ကျဲကမဲ့လိုက်ပြီး ...

"လူချင်းတူပေမဲ့ မူကွဲတယ်ဆိုတာ သဘောပေါက် ... မိန်းမတွေကို မကောင်းယုတ်ချ ပြောချင်ရင် နင့်အမေနဲ့ နင့်နှမကိုမမေ့နဲ့၊ ဖယ်စမ်း ... "

"ဟား ... "

သူ့မျက်နှာ ရှုံ့မဲ့သွားသည်။

ကိုယ့်စကားနဲ့ အလဲထိုးလိုက်နိုင်ပြီ ထင်ပေမဲ့ သူကရှေ့မှာ ကာဆီးထားဆဲဖြစ်ကာ ...

"ခင်ဗျားက လူကရင့်သလောက် စိတ်လည်းမနုပါလား ... "

ကိုယ့်ထက် အသက်ကြီးနိုင်သည်ကို ဖိနင်းပြောလိုက်ရင်း သူမနဲ့ပိုနီးအောင် ကပ်လိုက်သည်။ သူမကလည်း လန့်ဖျပ် နောက်ဆုတ်သွားတာမျိုးမရှိ။ အရပ်ချင်းက လယ်ဗယ်လ်ကျကျလေးမို့ ရင်ချင်းကပ် မျက်နှာချင်းကပ်လျက် သူမက အလွန်ရွံရှာဖွယ် တစ်စုံတစ်ရာကဲ့သို့ သူ့ကို မျက်တောင်ဖျားတို့မေးစင်း ကြည့်နေ၏။

"ခင်ဗျားနဲ့ နှစ်ယောက်တည်း တွေ့ချင်တယ် ... "

သူမမျက်လုံးတွေ စူးစူးရဲရဲဖြစ်သွားတော့ သူကကျွတ်ခနဲ ဖြစ်သွားပြီး ရယ်

သည်။ ပြီးတော့ နဖူးကိုပဲ နမ်းလိုက်တော့မလိုလို နှာခေါင်းဖျားတဝဲဝဲနှင့် တိုးကပ်၍ ...

"အမေတွေ နှမတွေ သတိမရခိုင်းနဲ့ ... ကျွန်တော်က တစ်ဦးတည်းသော သား ... "

"သြော် ... ဥက္ကပေါက်လာတာကိုး ... "

"ဟား ဟား ဟား ဟား ... "

ဘာပြောပြောပြီးမည့်ပုံမပေါ်။ နာကျင်ဟန်လည်းမပြ ...၊

"အခုလိုက်ခဲ့မလား ... တစ်နေရာရာဖြစ်ဖြစ်၊ ဘယ်လိုလဲ ... "

"ခွပ် ... "

သူမနဖူးနဲ့နှာခေါင်းဖျား ထိခတ်သွားချိန် မေးကိုပင့်ပြီး ရိုက်ထည့်လိုက်သဖြင့် မျက်လုံးထဲမှာ မီးပွင့်သွားသည်။ ဒေါသက ဂတ်စ်မီးထက် ပိုပြင်းသွားခဲ့ပြီး ...၊

"ခင်ဗျားက ဘာလဲ ... "

"ဖြန်း ... "

သူမလက်ကို ဖမ်းဆုပ်လိုက်တာမိသည်။ သို့သော် ဆတ်ခနဲဆောင့် ရုန်းကာ ထိုလက်နဲ့ပဲ လက်ပြန်ရိုက်ချ ပစ်လိုက်သဖြင့် သူယိုင်ထွက်သွားသည်။ ကိုယ်ဘာလုပ်မိမည်ကို မတွေးလိုက်နိုင်ခင် လုံခြုံရေးတွေ ရောက်လာသည်။ ထို့နောက်မှာ ဆိုင်ရှင်လင်မယားလည်း ပါလာကာ နှစ်ဖက်စလုံးကို တော့ ဆွဲပေမဲ့ ...၊

"ငါတောင်းပန်ပါတယ် နှင်းရယ် ... ဘာဖြစ်ကြတာလဲဟင်၊ သူ ... "

အမျိုးသမီးချင်းမို့ 'သူဘာလုပ်လိုက်လဲ'ဆိုသည့်အကြည့်က မြားတစ်စင်းလို ဝင်လာ၏။ ပိုင်ရှင် ယောကျ်ားကလည်း တောင်းပန်ပေမဲ့ ...၊

"ငါ့ညီနည်းနည်း များသွားပုံပဲ ... ဘယ်သူပဲလွန်လွန် အေးဆေးပြီးရအောင်ပါကွာ၊ နော် ... အစ်ကို တောင်းပန်ပါတယ် ... "

"ကောင်းချိန်း ... "

သူညတို့ လူစုပြေးရောက်လာတော့ ဒေါသပိုထွက်တာ ဘာကြောင့်မှန်းမသိ။ သူတို့ဘာသာပဲ သူ့လက်ထဲက ဗလင်ဗလင်းကို ဆွဲသိမ်းလိုက်ပြီး လူကို ပါဆွဲ၏။

"ခင်ဗျား သူ့ကို ဘယ်သူမှတ်လို့လဲ ... "

ဆိုင်ရှင်တွေကို မကျေနပ်သလိုကြည့်ကာ ...၊

"အဲဒါ ကောင်းချိန်း ... "

ဟင် ...

မျက်နှာတွေ သိသာစွာ ပျက်သွားကြသည်။ တုန်လှုပ်သွားသည့် ကျဲမျက်ဝန်းလေးတွေကို စိုက်ကြည့်ပြီး သူပြုံးလိုက်သည်။ မျက်လုံးချင်းဆုံအောင် တမင်ကြည့်ပြီးမှ လက်နှစ်ချောင်းနှင့် သူမမျက်နှာကို သေနတ်ပစ်သလို ဖျောက်ခနဲလုပ်၍ ...

"ကြိုက်တယ် ... "

***

အခန်း(၂)

"တောက် ... ဘိုးတော် ပွမ်နေတာနဲ့ ... "

နာရီကြည့်ပြီး တက်ခေါက်တော့ အလဲနဲ့သုညတို့ ခေါင်းကုတ်ကြ၏။ ညကိုးနာရီ ထိုးခါနီးကြီး ကားပေါ် ဝုန်းဒိုင်းကြဲပြေးတက်။ ပြီးတော့ အပြင်မောင်း ထွက်ပြီး တွေ့သမျှ ကားအကုန် ဝင်အောင်းတော့မဲ့ အရှိန်နှင့်။ ညည ဒီကောင် ပြိုင်ကားထွက်မောင်းပြီဆို သူတို့ဘယ်လိုမှ လိုက်လို့မမီ။ ပြိုင်ကားချင်းပေမဲ့ သူ့လိုမမောင်းရဲ သူ့လိုလည်း မကျွမ်းကျင်။ နောက်ကျတာကို မုန်းတီးတတ်သော ကောင်းချိန်း၏ ပြစ်တင်ခြင်းသည်လည်း ...၊

"ဟား ... ငါမောင်းနေရင် မပွမ်နဲ့ဆို ... "

"စကားပြောတာပဲကွာ မင်းကလည်း ... ငါတို့မောင်းမယ် ဆိုတော့လည်း မဟုတ်ဘူး ... "

"ဒီည သူ့ပွဲရှိတာ သေချာတယ်နော် ... "

"သေချာပါတယ် ... ဒါပေမဲ့ မင်းမီဖို့တော့ မသေချာဘူး ... "

"ဘာလို့ မသေချာရမှာလဲ ... "

ကားမောင်းနေရင်း ဖုန်းဖွင့်သည်။ ပြီးတော့ ...၊

"ကိုစိုးသန်းလား ... "

" ... ... ... ... ... ... ... ... ..."

"အဟွန်း ... အဲဒီရန်ပုံငွေပွဲကို ကျွန်တော်အမီလာမယ်၊ ခင်ဗျားလုပ်ပေး ရမှာတစ်ခုပဲ ... "

" … …  … …  … …  … …  …  …"

"ကျဲဖျော်ဖြေမဲ့ အစီအစဉ်ကို နောက်ချန်ပေး … "

" … …  … …  … …  … … "

"ဟား … "

"ကျွီး … "

"အား … "

"သေပြီဟ … "

စိတ်ပျက်သံနှင့်အတူ ဘရိတ်အုပ် ပစ်လိုက်သဖြင့် ကားထဲကလူတွေ ဇီးဖြူသီးတွေ ဖြစ်ကုန်သည်။ နာကျင်ရှုံ့မဲ့နေကြတာတောင် မကြာရှည်လိုက်ရဘဲ …၊

"သုည … သူ့အိမ်ကိုပြန်ဖို့ဆို အဲဒီပွဲကနေ ဘယ်နှလမ်းလောက် ရှိသလဲ … "

"ဟမ် … မင်းက အိမ်လိုက်ဦးမလို့လား … "

"ဘာတဲ့လဲ … မရှိတော့ဘူးတဲ့လား … "

"ဟုတ်တယ် … ငါဒီည သူ့ကိုတွေ့ရမှဖြစ်မယ် … "

"အင်း … ပါးကယား နေတာကိုးကွ … "

ကားသည် GPS ညွှန်ပြရာအတိုင်း လမ်းကြောင်း ပြောင်းပြီး ပြေးလေသည်။

"နေစမ်းပါဦး … မင်းကိုတွေ့တာနဲ့ ကားရပ်ပေးမယ်လို့ ဘာကြောင့်ထင်လိုက်တာလဲ … "

"မရပ်ပေးရင် လိုက်တိုက်မယ် … "

ဒါက ကောင်းချိန်းရဲ့ အချိန်တို ဖြေရှင်းနည်း ...။ သူတို့လည်း သိသည်။ ဒါပေမဲ့ ကျဲနဲ့ကိစ္စမှာတော့ ကောင်းချိန်းအောင်မြင်ဖို့ မသေချာတာကို ရင်မော နေမိကြ၏။

"အဟမ်း ... "

ကိုးသုညက ချောင်းဟန့်လိုက်ကာ ...၊

"ကျဲနာမည်ကျော် ဖြစ်လာတာ အံ့ဩဖို့ ကောင်းတယ်နော် ... တစ်ဆယ်ကျော်ခြောက်နှစ် ပတ်လည်တွေပဲ နေရာရနေတဲ့ ခေတ်ထဲမှာ နှစ်ဆယ်ကျော် သုံးဆယ်ပတ်လည်ကြီး ... "

"နှစ်ဆယ့်ငါး နှစ်ဆယ့်ခြောက်တော့ လုပ်လိုက် ... "

ကားမောင်းနေရင်း ကောင်းချိန်းက မခံချင်လုံး ထွက်လာသေးသည်။ သူတို့ ခပ်ကြိတ်ကြိတ် ရယ်သံတွေ ထွက်ကုန်ကြလျက် ...၊

"အေးပါ ... ပြောချင်တာက သူ့အသက်မဟုတ်ဘူး၊ သူကံကောင်းတာကို ... "

"ဘာလဲ ... မင်းက ... "

တစ်ယောက်က ထောင်ပေးသည်။ အချင်းချင်း လက်တို့၍ ကောင်းချိန်းကိုလည်း အကဲခတ်သေးသည်။ ပြီးတော့ ...၊

"သူက ကံကောင်းနေတော့ အမြဲတမ်းကံကောင်းပြီး အသာရနေခဲ့တဲ့ ငါတို့ ကောင်းချိန်းခံရတာပေါ့ကွ ... "

"မင်းကလည်း သွားထဲက သွေးလေး ပိစိညှောင့်တောင့်ကျတာကို ... "

"ပါးမှာလက်ဝါးရာလေး ရိပ်ရိပ်လေးပဲထင်တာ ... "

"ဘာလဲ ... ခုကျန်သေးတာ ပြောတာလား ... "

"ခွေးဝဲစားကောင်တွေ ... တွေ့တဲ့ကားနဲ့ ပြေးအောင်းပစ်လိုက်ရ ... "

ကြိမ်းမောင်းနေပေမဲ့ ကောင်းချိန်း မျက်နှာက ရယ်ချင်ပတ်ကျိ။ ထိုအချိန်လေးမှာ မြင်လိုက်ရသည့် သူမမာနတွေက သူ့စိတ်ကို နှိုးဆွသွားခဲ့တာ။ မိန်းမတစ်ယောကက် ဘယ်လောက်ထိ မာနကြီးနိုင်မလဲ ဆိုတဲ့ မေးခွန်းက သူမနဲ့ ခဏခဏတွေ့ဖို့ ဆုံးဖြတ်ချက်တွေ ဖြစ်နေခဲ့သည်။

"မလုပ်ပါနဲ့ဆာကီးရယ် ... ဆာကီးခြိမ်းခြောက်တာ မဟုတ်မှန်း သိပါတယ် ... "

"ပြောချင်တာက အာစိတွေ့ဖူးတဲ့ ဆယ်ကျော်သက်လေးတွေ လိုတော့ ... "

"မင်းခ ... "

"ဟမ် ... "

"မင်းရဲ့အာစိကို ဖျောက်မှာလား ... မင်းလျှာကို ပလာယာနဲ့ ညှပ်ပေးရမလား ... "

"အေးလေကွာ ... တောဇာတ်လမ်းလေးတွေထဲက သူကြီးသားဘေးက တပည့်တွေလိုလို ... "

"ကောင်းချိန်းကလည်း လူကြီးသားပဲ"

"မင်းကွာ ... ခုတည်းက ဣန္ဒြေရရ ပြန်ဆုတ်လိုက်စမ်းပါ၊ ကျဲမျက်လုံးတွေက ထူးခြားတယ်နော် ... ငါတို့ထင်သလို မဟုတ်လောက်ဘူး ... "

သူမအကြောင်း စုံစမ်းလိုက်တော့ ကားအက်ဆီးဒန့် ဖြစ်ထားသည့် တစ်ဦးတည်းသော အမေက ဝှီးလ်ချဲနဲ့နေရသည်။ အသင့်အတင့် ပြည့်စုံမှုရှိပေမဲ့ လူဖြစ်စေအိမ်ဖြစ်စေ တစ်ခုခုထိခိုက်မှု ရှိလာရင်တော့ အမြန်ဖြေရှင်းနိုင်သည့်အခြေအနေမျိုး မဟုတ်ခဲ့။ သူမက တက္ကသိုလ်မှာတည်းက အဆိုအကမှာ နာမည်ကျော်တဲ့သူ။ သို့သော် ဝါသနာကြီးတာကျတော့ ဒီဇိုင်နာအလုပ်ဖြစ်နေ၏။ လူသတိထားမိလောက်အောင် လှသည့် ကိုယ်ခန္ဓာနှင့် ကိုယ်ပိုင်

ဒီဇိုင်းများနှင့် ထူးခြားသည့် အလှကြောင့် ကျော်ကြားမှုတွေ တစ်ပွေ့တစ်ပိုက်နှင့် မော်ဒယ်တစ်ယောက် ဖြစ်လာခဲ့တာ ဖြစ်သည်။ ကိုယ်တိုင်ဒီဇိုင်နာမို့ သူမက လှသလောက် ထွင်လိုက်သမျှ ဝတ်စုံဒီဇိုင်းတွေ အားလုံးက သူများလိုက်လို့မမီ ...

"မင်းတို့ပဲ စဉ်းစားကြည့်ဦး ... သူ့လိုနှစ်ဖက်သုံးဖက်က နာမည်ကျော်နေတဲ့ အနုပညာရှင်က ဝမ်းပွဲ့ဂုဏ်သရီးလေးစီးပြီး ဟိုပါဒီပါမနေတာလေ ... "

"မပါချင်လို့ မပါတာနေမှာပေ့ါ ... "

ကောင်းချိန်းအသံ ထွက်လာတော့ အလဲကလှည့်ကြည့်ကာ ...၊

"မင်းကမခံချင်လို့ ကြွနေတာလား ... တကယ် ရင်ခုန်သွားတာလား ... "

"ဒီကောင်လား ရင်ခုန်မှာ ... "

"ပြောလိုက် ... "

"ပြောလည်း မယုံဘူးကွာ ... "

"အေးလေ ... ဟိုကဒီလောက်လှတာ၊ သူဖြစ်နေတဲ့ပုံနဲ့များ ... ညာချင်သေးတယ် ... "

ကောင်းချိန်းက ကားကိုအရှိန်မချဘဲ လှည့်ကြည့်ကာ ရှေ့ကိုတန်းပြန် မလှည့်သဖြင့် နောက်မှာထိုင်နေသည့် မင်းခက သူ့မျက်နှာကို လက်ဖဝါးနှစ်ဖက်နဲ့ ညှပ်ပြီး ရှေ့ပြန်လှည့်ပေးရင်း ...၊

"ရှိကြီးခိုးပါတယ် လူကြီးသားရယ် ... ရှေ့ကိုကြည့်မောင်းစမ်းပါ၊ မျက်ခုံးလှုပ်လွန်းလို့ ... "

"ဘယ်လောက်လှလှ မိန်းမကမိန်းမပဲ ... ဘယ်လောက်မာနကြီးကြီး ငွေမမက်တဲ့မိန်းမမရှိဘူး ... "

ပြုံးနေရ ပေမဲ့ ရင်ဘတ်ကြီးထဲမှာ တင်းနေသည်။ တွေးမိတိုင်းစီးက ရက်

သောက်ပြီး မီးခိုးတွေ ထုတ်လွှင့်လိုက်ရတာ ရင်ထဲကအပူတွေ ဖြစ်သည်။ တကယ်တမ်း ကြိုက်နေတာလား ဆိုတော့ မဟုတ်။ ပေါ့ပေါ့ပါးပါး ဖျတ်ခနဲ တွေးမိတဲ့ အတွေးတွေကျတော့ တစ်ခါဆိုတစ်ခါ ရင်ထဲကို ထိရှစေခဲ့၏။ ထို့ကြောင့် ဒီမိန်းမကို သူမကျေနပ်ဘူး ဆိုသည့်အဖြေက တိကျရှင်းလင်းစွာ ထွက်လာခဲ့ သည်။ မိန်းမတစ်ယောက်နောက်ကို လိုက်ကြည့်နေတဲ့ ယောကျ်ားတိုင်းကို ဒီမိန်းမကိုကြိုက်လို့လို့ သတ်မှတ်ကြတာ မလွန်ဘူးလား ...။ ငွေမမက်ဘူးဆိုတဲ့ မိန်းမမျိုး ရှိနေတယ်ဆိုတာ သူမယုံပါ။ ပြီးတော့ သူ့ရဲ့ကျော်ကြားမှု၊ ကြွယ်ဝချမ်းသာမှု၊ သူ့ကို တမ်းတမ်းစွဲ လိုက်ခဲ့ကြတဲ့ မိန်းကလေးတွေ သူ့ရုပ်ရည်ကရော ခေလို့လား ...။ ဒီလိုပြည့်စုံမှုတွေကို ပစ်ကျမသွားတဲ့ မိန်းမရှိနေရင်လည်း ဒါက ဟန်ဆောင်နေတာ ...။ ဒါကြောင့် ထိုမျက်နှာဖုံးကို သူခွာဖို့ ဆုံးဖြတ်ထားသည်။ ဘာတွေဖြစ်ဖြစ် ဘယ်လောက် ရှင်းရရှင်းရ ...၊

"ကျွီ ... "

"ကျွီ ... "

ကားတစ်စီးကို ကျော်တက်၍ ရှေ့ကို ခေါင်းထိုးပိတ်လိုက်လျှင် နှစ်စီးစလုံးထံမှ အရေးကြီး ဘရိတ်အုပ်သံတွေ ထွက်လာ၏။ ကျဲကားထဲမှာ ပုံပန်းပျက်လောက်အောင် ငိုက်ကျသွား၏။ လက်ထောက်ထားလိုက်သဖြင့် လက်ကောက်ဝတ်ပါ နာကျင်သွားကာ ...၊

"အား ... သေပါပြီ ... "

နေရာတကျ ဆုတ်ထိုင်ပြီးမှ ကြည့်လိုက်တော့ ဒါမတော်တဆသက်သက် မဟုတ်။ ကားမောင်းသည့် ဦးလေးဖြစ်သူကို ကြည့်လိုက်တော့ အတော်ထိတ်လန့်သွားပုံနှင့် ရင်ဘတ်ကိုလည်း ဖိထားလျက် မျက်လုံးတွေ ပြူးနေဆဲ။ အနက်ရောင် ဖိတ်ဖိတ်လက်နေသည့် မာစီဒီးကားကြီးက မစို့မပို့ လမ်း

မီးရောင် အောက်မှာ ဝင့်ကြွားစွာရှိနေသည်။ ဒီဘက်မှာ သူမရဲ့၁.၃လေးက မျက်နှာငုံ့လျှိုး နေသည့်နှယ်။ ဒါဘာလဲ ... ဘယ်သူတွေလဲ ...။ စိတ်ထဲမှာ ဖျတ်ခနဲ သတိရသွားခြင်းက နောက်ကျသွားသည်။ ကားပေါ်ကဆင်းလာတာ ကောင်းချိန်းနဲ့အဖွဲ့ ...၊

"သူ့ကိုသွားမစမ်းနဲ့နော် ... သူတို့က အစိုးရထက်တောင် ချမ်းသာနေသလားမသိဘူး၊ လူကြီးသားလို့ နာမည်ကျော်နေတာ အဲဒီနာမည်ပဲ ... " တဲ့ ...၊

ဟိုနေ့ကပြဿနာ ဖြစ်လာပြီးတည်းက ဦးလေးဦးမောင်နိုင်က သတိပေးသည်။ ဦးလေးက လူအေးသမား ...။ စာတွေဖတ်ပေမဲ့ ဖုန်းတော့ သိပ်မသုံးပါ။ ဒီလိုလူကတောင် ကောင်းချိန်း နာမည်ကြားတာနှင့် ပြူးတူးပြဲတဲ ဖြစ်သွားတဲ့လူသား ...၊

"အဲဒီကောင်လေးက မိဘအားကိုးနဲ့ အတော်ရိုင်းတာ ... ကလေးလူကြီး မရွေးဘူး၊ ဒေါသဖြစ်ရင်ဖြစ်သလို ရိုင်းတယ် ... သက်ရှိသက်မဲ့ ဘာဖြစ်ဖြစ် စိတ်မထင်ရင် မထင်သလို ဖျက်ဆီးတယ်၊ 'ကြွေးတင်ရှင်ဘုရင်ဆပ်'ဆိုသလိုပဲ ... သူလုပ်သမျှ လက်သည် ပေါ်သွားတယ် ဆိုတာကို မရှိဘူး၊ ချမ်းသာတာကိုး ... "

"တောက် ... "

ပြန်တွေးကြည့်ပြီး ကြောက်တဲ့စိတ်တော့ ဖြစ်မလာဘဲ တက်ခေါက်လိုက်မိသည်။ ပြီးတော့ တံခါးဖွင့်ဆင်းလျှင် ...၊

"မိနှင်း ... ဘာလုပ်တာလဲ ... "

"အဲဒါပဲ ... ကောင်းချိန်းဆိုတာ ... "

"ဟင် ... "

ဦးမောင်နိုင် အထိတ်တလန့် ဖြစ်သွားရင်း ဒီဘက်ကနေ ကမန်းကတန်း ဆင်းလိုက်မိ၏။ ဖွေးထိန်နေသည့် ကားနှစ်စီး၏ မီးရောင်တွေရှေ့မှာ ကောင်းချိန်းက စူးစိုက်ကြည့်နေ၏။ ပခုံးကနေ အပြားခတ် သိုင်းထားသော လည်ဟိုက် အဖြူရောင် ကိုယ်ကျပ်လေး ဒူးကျရုံလေး။ အရပ်မြင့် သလောက် စင်းဖြောင့်နေသည့် ကိုယ်ဟန်က အဖြူရောင် ဒေါက်မြင့်ဖိနပ် ကြီး ထပ်စီးထားတာတောင် ကြည့်ရမဆိုး။ သူမနာမည်ကြီးသည်က သူမ လည်တိုင်မှာ လက်ဝတ်ရတနာ ဆိုလို့ ဖန်စီလေးတောင် မဝတ်တတ်ခြင်း ပင်။ သို့သော် သူမြင်သမျှမှာ လည်ဟိုက်နှင့် လိုက်ဖက်သော သူမရင်ဘတ် လှလှလေးက တစ်ခုခု ဆွဲလိုက်ရင်တောင် အလှပျက်နိုင်၏။ သူငေးကြည့် နေတော့ ဘယ်လိုစမှာလဲ ဆိုပြီး နားစွင့်နေကြသည့် အလဲတို့က လှည့်ကြည့် ကြ၏။ ရွှေမင်းသားက သတိတွေဘာတွေ ပါလစ်နေပြီလားမသိ။ ပြော တော့လည်း ဆင်ဖမ်းမယ် ကျားဖမ်းမယ်။ တွေ့တော့လည်း ...၊

"နင်ဘာလုပ်တာလဲ ... "

"ခင်ဗျားကို စောင့်နေတာ ... "

"ဘယ်သူက နင့်ကိုစောင့်ခိုင်းလို့လဲ ... ငါ့ကားရှေ့က ခုဖယ်ပေး ... "

တမင်အချိန်ကိုက်ပြီး ပိတ်ရပ်လိုက်တာမို့ လမ်းတစ်ဖက်မှာ ကုက္ကိုပင်နှင့် ဘယ်လိုမှရှောင်သွားလို့ မရသည့် အခြေအနေ ...၊

"လူလေးတို့ရယ် ... ဦးမေတ္တာရပ်ပါတယ်၊ ဒီလိုနှောင့်ယှက်တာက ... "

"နိုး ... "

ခေါင်းငဲ့ပြီး လှည့်အော်လိုက်သဖြင့် ဦးမောင်နိုင် ကိုယ်ကြီးပါတွန့်ခနဲ ဖြစ် သွားသည်။ လူငယ်သည် ဆံပင်လည်း ကောက်သေးသည်။ ကုပ်ထောက် ကျော်အောင်လည်း ထားသေးသည်။ နဖူးမှာ ကကြီးပုံပေါ်နေသည်။

အလယ်ခွဲပုံဆံပင်က လူကို မိန်းမဆန်အောင် ချောတာမျိုး။ မျက်ခုံးသည် သိသာအောင် ထူခဲနေလျက် နှာတံကထင်းနေသည်။ ခပ်ထူထူ နှုတ်ခမ်းသားတွေက ပုံကျ၏။ ကောင်လေးက ချောချောလေးပဲ ... ဒါနဲ့ တောင် ...၊

"ဦးလေး ... "

ဘောင်းဘီထဲ လက်နှိုက်ပြီး သူ့ရှေ့ရောက်လာသည်။ ပြီးတော့ ပိုက်ဆံတွေ အထပ်လိုက် ထည့်ပေးလိုက်ပြီး ...၊

"ရော့ ... ထပ်လိုချင်ထပ်ပေးမယ်၊ ခဏခဏလိုချင် ခဏခဏပေးမယ် ... တိတ်တိတ်နေပေး ... "

"ဟဲ့ ... နင်ဘာလုပ်တာလဲ ... "

ဒေါက်မြင့်ဖိနပ်စီးပြီး ခြေလှမ်းကျဲသလောက် လမ်းလျှောက်ပုံ လှနေတာ သူမ။ ခပ်စောင်းစောင်း ငဲ့ကြည့်နေရင်း မျက်နှာမလွှဲ။ ထို့ပြင် ...၊

"ဘာလုပ်ဖို့လဲဆိုတော့ ခင်ဗျားကိုခေါ်ထုတ်သွားဖို့ ... "

"ဘာ ... "

"စဉ်းစားကြည့်စမ်းပါ ... ဒီအဘိုးအိုကို အသာလေး လှဲသိပ်ထားခဲ့လို့ရတယ်၊ ကျွန်တော်တို့အင်အားနဲ့ ခင်ဗျားကိုလည်း အေးဆေးဆွဲတင်သွားရုံပဲ ... နာရီပိုင်း မိနစ်ပိုင်းအတွင်း ခင်ဗျားဘဝ ပြောင်းသွားဖို့ ဘာခက်သလဲ ... "

ကြည့်စမ်း ...

"အဲဒါငွေပဲ ... "

"သေလိုက်လေ ... အဲဒီတော့ ငါကလည်း မင်းကားပေါ် မရောက်ခင်ငါ့ လွတ်လမ်း ငါရှာမှာပေါ့၊ အဲဒီလမ်းက ဘယ်လိုလမ်းဖြစ်ဖြစ် ... "

ပြောပြီး ရှေ့တိုးလျှောက်လာသည်။ သူမဘာလုပ်မယ်မှန်း မသိလိုက်ခင်

သူ့ပခုံးတစ်ဖက်လန် ထွက်သွားအောင် တိုးတိုက ်လျှောက်ထွက်သွားကာ ဦးလေးဖြစ်သူကိုပါ ဆွဲခေါ်သွားခဲ့ပြီး ...၊

"ဂူး ... "

"ဟာ ... စက်နှိုးနေပြီကောင်း ... "

"ဆာကီး ... အဲဒါတကယ် ထင်တယ်နော် ... "

'သူမလုပ်ပါဘူး'လို့တွေးပြီး သူ့ကားနဲ့ ကုက္ကိုပင် အကွာအဝေးကြားက လမ်းကို ကြည့်လိုက်မိသည်။ ပြီးတော့ သူတို့လူစုရပ်နေကြကာ ကြားက လမ်းကျဉ်းနဲ့အပြည့် ...၊

"တီ ... "

လူတွေကိုဖယ်ဖို့ ဟွန်းတီးတော့ တွေးလိုက်မိသည်။ ဒီလမ်းကျဉ်းလေးထဲက ဖွတ်ထွက်မလို့လား ...။ ဝမ်းပွိုင့်သရီးလေးနဲ့ ဖွတ်တိုးဖို့ ဟန်ရေးပြနေတာကို ရယ်ချင်လာကာ ဘေးနည်းနည်းဆုတ်ပြီး လမ်းတောင် ဖွင့်ပေးလိုက်သေးသည်။ သို့သော် သူမက ကားကို ဝေါခနဲဘက်ခ်ဆုတ်၍ ...၊

"ဟာ ... ဟာ ... "

"ကောင်းချိန်း ... "

"ဒုန်း ... ဂျီး ဝုန်း ဒုန်း ... "

လူ စက်ပစ္စည်း အရာရာသည် အကျိုးနဲ့အပဲ့ ...၊

"အား ... သေပြီ ... ငါသေပြီလား ... "

"ငါတော့မသေဘူး ... ကျိုးပြီ ... "

နောက်ပြန်ဆုတ်လိုက်ပြီး တစ်ရှိန်ထိုး ဝင်လာသည့်ကားကို ကောင်းချိန်းက ဒီတိုင်း ရပ်ကြည့်နေသည်။ အနားရောက်ကာမှ လက်တစ်ဝါးလောက်အလိုမှာ ဒီကားရပ်လေမလားလို့ သင်းကတွေးပုံပေါ်၏။ သူ့ကိုပြေးဖက်ပြီး

မင်းသားတွေလို လှိမ့်ထွက်လိုက်ရတာ မလှမပအပြုံလိုက် ...၊

နောက်မှာ ဘာတွေဖြစ်ကျန်ခဲ့ပြီ မသိသော်လည်း ဦးမောင်နိုင် ရင်တွေ တုန်နေကာ ထိုင်နေပေမဲ့ ဖင်မကျနိုင်။ ကားကအရှိန်နဲ့မို့ ခဏအတွင်း နောက်ပြန် လှည့်ကြည့်တာတောင် ဘာမှမမြင်ရပေ။ ဒီဘက်ပြန်လှည့်ပြီး လည်ပင်း ရှည်ကြည့်လိုက်တော့ ကိုယ့်ကား အခြေအနေသည် ...၊

"သွားပြီ ... ကားပါးတစ်ခြမ်းလုံး စုတ်ပြတ်သွားပြီ ... "

"စုတ်စုတ်ပေ့ါ လေးလေးကလည်း ကိုယ့်တူမအတွက်တော့ ကိုယ်မပူဘူး ... "

"ဘာလို့ပူရမှာလဲ ... အလိုမတူတဲ့ မိန်းမကို ဘယ်သူက အဓမ္မကြံစည်ရဲမှာလဲ၊ ညည်း မာနကြီးနေမှန်းသိလို့ လိုက်ချိုးနေတာ ... သူ့အတွက် မိန်းမဆိုတာ အဓမ္မကြံဖို့မလိုတာ ... "

ကားမောင်းနေရင်း ရင်တွေလည်း တုန်နေဆဲနှင့် စိတ်မရှည်စွာလှည့် ကြည့်မိသည်။

"နှာဘူးဘီလူးသရဲလို့ ပြောတုန်းကလည်း လေးလေးတို့ပဲ ... "

"အဲဒီလောက် မပြောပါဘူး ... ညည်းကိုက တခြားလူအပေါ် သံသယကြီးတတ်တာ၊ သွားပြီ ... ဟိုကားလည်း ဘယ်လောက်တောင် ထိသွားပြီလဲ ... "

"သူမကောင်းကြံလို့ ဖြစ်ရတာ ... ဒါကားမဟုတ်ဘဲ လေယာဉ်ပျံကြီး ဖြစ်နေတောင် ဂရုမစိုက်ဘူး ... "

လေယာဉ်ပျံ ဖြစ်နေရင်လည်း တိုက်ချပစ်မှာပဲ ဆိုတဲ့သဘော ...။ ဒီမိန်းကလေး အတွေး တိမ်တာလား ... နည်းနည်းမှ မကြောက်တတ်တာလား ...။ ကောင်းချိန်း ဆိုတဲ့ လူငယ် မိုက်ရိုင်း ရမ်းကားနေတာက မိဘအရှိန်အဝါနဲ့ ...။ သင်းလေးက ဘယ်သူ့အားကိုးနဲ့လဲ ... ဘယ်မှာလဲ

အရှိန်အဝါ ...။ ဖြစ်လာရင် ဘယ်လိုရှင်းကြမလဲ ... မကောင်းကြံမဲ့သူ ဆိုရင် ဒီပြဿနာက ဒီမှာတင်ပြီးသွားမှာ မဟုတ်ဘူး ဆိုတာလောက်တော့ သိရမှာ မဟုတ်ဘူးလား ...၊

"သမီးလည်း သိပါတယ် ... "

ကားအရှိန် လျှော့ကျသွားသလို အသံတုန်တုန်လေးနဲ့ ပြောလာတော့ ဦးမောင်နိုင် လည်ပင်းရှည်သွားသည်။

"လူပြောသူပြောတွေနဲ့ သူ့ကို သမီးကြောက်တယ် ... စိတ်ကိုဘယ်လိုပဲ တင်းတင်း မိန်းမကမိန်းမပဲ ... "

"ဒါဆိုလည်း ... "

"ဒီလိုလူနဲ့ ပတ်သက်ဖို့တော့ လုံးဝပဲလေးလေး ... "

"ငါက ပတ်သက်ခိုင်း နေလို့လား မိန်းရယ် ... ဒါပေမဲ့ နင်တစ်ဇွတ်ထိုး လုပ် ချလိုက်တာတွေ ကြည့်ဦး ..."

"အဲဒီလိုမလုပ်ရင် သူဘာလုပ်မယ်ဆိုတာ လေးလေးသိလို့လား ... "

"ဟ ... "

"မသိဘူး ... ဘာဖြစ်လာလာ အဲဒီကောင်လေးနဲ့ ထိပ်တိုက် မဆုံရရင်ပြီးရော၊ တခြား ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ... "

အိမ်မှာ လူမမာနဲ့ လူမမာမဟုတ်ကြဘဲ တတိတိလာပြီး လက်ဝါးဖြန့် နေကြတဲ့ ဆွေမျိုးနီးစပ်တွေက ပေးလို့မကုန်နိုင်။ ချေးသွားပြီး ပြန်ဆပ်ရမှန်းမသိ။ တုံးလုံးစာ မတ်တတ်စာဆိုတာ နားမလည်။ ရှိရင်ရှိသလို သုံးစွဲပျော်ရွှင်နေကြပြီး ဆေးရုံပြေးရပြီလား ... ရဲစခန်း ရောက်ပြီလားဆို 'ကျဲလေးရေ လုပ်ပါ ဦး' 'နှင်းရေကယ်ပါဦး' လက်ဝါးဖြန့် လိုက်ကြတာ တောင်းသလောက် မရလည်း ရသလောက်နဲ့ ကျေနပ်ကြသည်။ သူတို့အတွက်က

နှင်းဆီက ပိုက်ဆံဆိုရင် ရရင်အမြတ် မရရင်အရင်း။ မပြီးနိုင်မဆုံးနိုင် ပေးဆပ်နေရသည့် နှင်းမှာသာ အိမ်ထောင်စုပေါင်း များစွာအတွက် ရှန်းကန်ရှာဖွေရင်း ရသလောက်လည်း အဖတ်မတင်။ တခြားဆယ်လီတွေ ပရဟိတလုပ်ငန်းတွေမှာ လှူဒါန်းကြ အကူအညီပေးကြ ဘယ်လောက်လုပ် လုပ် ကျဲမပါနိုင်။ သိန်းထောင်ကျော်တန် ကားတွေ ဘယ်ဆယ်လီတွေပဲ စီး နေနေ ကျဲမှာ တစ်ရာကျော်တန် ကားလေးတောင်မှ မနေ့တစ်နေ့ကမှ ဝယ် နိုင်ခဲ့တဲ့အဖြစ်။ ခုတော့ ထိုကားလေးရဲ့ဘဝသည်လည်း ...၊

"ဒုတ် ... ဒုတ် ... "

ဟင် ...

ကားသည် ညမှောင်မှောင်လမ်း မလယ်ခေါင်မှာ အခြေမလှဖြစ်ခဲ့ပြီး လမ်းဘေးကို ကပ်ဖို့ကြိုးစားရင်း ...၊

"မရတော့ဘူး လေးလေး ... "

"ဘာဖြစ်သွားတာလဲ ... "

"မသိဘူး ... "

ညော်နံ့ ...။ ဦးမောင်နိုင် ညော်နံ့ခံရင်း ဟိုရှာဒီရှာဖြစ်သွားသည်။ ပြီးတော့ တူဝရီးနှစ်ယောက် ကားပေါ်က ဆင်းလိုက်ပြီး ဘောနက်ဖွင့်သည်။ သိလို့ တတ်လို့လား ဆိုတော့ မဟုတ်။ ဒါပေမဲ့ ဘာတွေ လောင်ကျွမ်းနေပြီလဲ ဆို တာတော့ သိချင်နေသည်မို့ ...၊

"လေးလေး ဘာတွေ့လဲဟင် ... "

"မတွေ့ဘူး ... "

"ဘာလို့မတွေ့တာလဲ လေးလေးရဲ့ ... ဒီမှာ အခိုးတွေအူနေတာ ... "

"အေးလေ ... အခိုး ဘယ်ကထွက်သလဲ မသိပါဘူးဆိုမှ ... "

"ဒါဖြင့် ဘာလို့ကြည့်နေသေးလဲ ... "

စိတ်တိုပြီး ပြောပစ်လိုက်မိသည်။ နာရီကြည့်လိုက်တော့ ညဆယ်နာရီ ခွဲ တော့မည်။ ခုလောက်ဆို ထမင်းပွဲပြင်ပြီး မေမေ ငုတ်တုတ်ထိုင် စောင့်နေပါ ပြီ။ ပြန်သွားရင် ဒီကား ပြဿနာကြီးရယ် ကောင်းချိန်းလိုလူနဲ့ ငြိလာခဲ့ ပါသည် ဆိုတာရယ် မေမေ့ကို ဘယ်လိုပြောပြရမလဲ.။ တစ်နေရာမှာ ကား အက်ဆီးဒန့်နဲ့ ဘယ်သူဘယ်လို အဖြစ်ဆိုးသွားသည် ကြားလိုက်တိုင်း 'ကား ကြီးနဲ့ သွားလာနေတာ အန္တရာယ်များပါတယ် သမီးရယ်'လို့ ရှုံ့ရှုံ့မဲ့မဲ့ ညည်းညူတတ်တဲ့ မေမေ။ ကားဝယ်တည်းက ပြန်လာချိန်ကို ငုတ်တုတ်ထိုင် စောင့်နေတတ်ကာ ပြတင်းပေါက်မှာ ခုံလေးချပြီး ခြံဝကို ငေးမျှော်ကြည့်ခဲ့တာလည်း ရှိသည်။ ကျဲမျက်နှာကိုမြင်ရမှ သက်ပြင်း ချနိုင် ရှာလျက် 'ဒီနေ့သွားရလာရ အဆင်ပြေရဲ့လား'လို့ မမေးတဲ့ရက်ဆိုတာ မရှိ။ "ကားမောင်းရင် မေတ္တာလေးပို့နော်သမီး" ဆိုတဲ့စကားကို အိမ်ကမထွက် ခင် တတွတ်တွတ် မှာတာ မေ့သွားတဲ့နေ့မရှိခဲ့။ မေမေက အရင်တုန်းက ဒီ လိုမဟုတ်ပေ။ သမီးအပျိုပေါက် ဖြစ်တဲ့အထိ သားအမိတွဲသွားတိုင်း ညီအစ်မလားလို့ မေးကြတာ မှတ်မိသေးသည်။ ထို့ပြင် သူမရဲ့နုပျိုမှုကို အစဉ် ဂရုစိုက်နေတတ်ကာ ဆံပင်ဆိုလည်း ပခုံးအောက် သာသာထက်ပိုမ ထားတတ်။ ထို့ကြောင့် လှလည်းလှတဲ့သူပါ။ ဒါတွေဟာ ဖေဖေဆုံးသွားသ ည့် အချိန်မှာ လျော့ရိလျော့ရဲ ဖြစ်လာခဲ့သည်။ သူမကိုယ်တိုင် အက်ဆီးဒန့် ဖြစ်လိုက်သည့် အချိန်မှာတော့ ခုဖြစ်သွားခဲ့သည့် ပုံစံအတိုင်း ...။

"ဟော ... ဟိုမှာ ကားတစ်စီး လာနေတယ် ... "

အတွေးတို့သည် ဦးမောင်နိုင် စကားကြောင့် ပြတ်တောက်သွားခဲ့၏။ တစ်ဆက်တည်းမှာ ထိတ်ခနဲ ဖြစ်သွားခဲ့ပြီး 'ဟိုအဖွဲ့များလား'လို့ တွေးလိုက် မိ၏။ သူမလိုပဲ ဦးမောင်နိုင်လည်း စိုးရိမ်သွားပုံရှိလျက် ...။

"ကားမောင်းလာတဲ့ နှုန်းအရဆိုရင်တော့ ဟိုကောင်လေး မဟုတ်လောက်ပါဘူး ... " ဟု ကားကိုငေးနေရင်း နှုတ်ခမ်းလှုပ်ရုံဆို၏။ ကားက သူတို့ ဘေးနားမှာ ရပ်တန့်သွား၏။ နီညိုရောင် ဆူဇူကီးလေး ဖြစ်လျက် ကားထဲက ထွက်လာသည့် အသက်လေးဆယ်ခန့် လူကြီးတစ်ယောက်က ပျူငှာစွာ ပြုံးနေပြီး ...၊

"ကားပျက်နေတာလား ... အတိုက်ခံထားရတာ ထင်တယ် ... "

"ဟုတ်တယ်ဗျာ ... ခုနတင်ပဲ အဲဒီကထွက်လာတာ နှစ်မိုင်လောက်ပဲရှိသေးတာ၊ ထိုးရပ်သွားတယ် ... "

လူကြီးက ကျဲကိုငဲ့ကြည့်ပြီး သွားတွေပေါ်အောင် ရယ်ပြသည်။ ပြီးတော့ ဆံပင် တစ်ချက်သပ်၍ ...၊

"မော်ဒယ်ကျဲပဲ ... ကူညီချင်လိုက်တာဗျာ၊ ကျွန်တော်ကလည်း ကားပဲ မောင်းတတ်တာ ... သိပ်မသိဘူး ... "

တူဝရီးနှစ်ယောက်စလုံး စိတ်ဓာတ်ကျသွားသည်။ ထိုစဉ် ကားတစ်စီး၏ မီးရောင် ဝင်းခနဲ ကျလာ၏။ လှည့်ကြည့်လိုက်ချိန်မှာ ကားက အနားရောက်လာပြီ ဖြစ်ကာ ...၊

"ကျွီ ... "

မညင်သာစွာ ထိုးရပ်သွားခြင်းကြောင့် ကားတစ်စီးလုံး သိမ့်သိမ့်တုန်၏။ မျက်နှာတစ်ခြမ်းစီ ပိန့်ရှုံ့ပျက်စီးနေသော ကားနှစ်စီးကြားမှာ လူကြီးတအံ့တသြနှင့် ဟိုကြည့်ဒီကြည့်။ ထိုစဉ် ကောင်းချိန်းတို့က တစ်ဖက်စီကနေ ဆင်းလာခဲ့ကြပြီး ကျဲဘေးမှာပဲ ရပ်လိုက်ကြသည်။ တဒင်္ဂ တိတ်ဆိတ်သွားခြင်းသည် လူငယ်တွေ ဘာပြောလာမလဲ ဆိုသည့် အပေါ်မှာ ဦးတည်တာမို့ ဘာသံမှ နောက်ထပ် ထွက်မလာသောအခါ ...၊

"ဘာကိစ္စလဲ ... "

ကိုယ့်ဘေးမှာ လက်ပိုက်ရပ်နေသည့် ကောင်းချိန်းကို ကျဲစိတ်မရှည်နိုင်တော့ဘဲ ရင်ဆိုင် လှည့်ရပ်လိုက်ပြီး ...၊

"ဘာမှမပြောဘဲ ဘာလုပ်နေတာလဲ ... "

သူက လက်ပိုက်ဖြုတ်၍ တံတောင်တစ်ဖက်ကို လက်ဖဝါးနဲ့ ခပ်ဖွဖွ အုပ်ကိုင်ထားကာ ...၊

"လုပ်ပါ ... မင်းတို့ညှိနေတာပြီးမှပဲ ... "

"ဘာပြောတယ် ... "

"ဟိုဘဲကြီးနဲ့ မင်းတို့ ... "

"ကောင်းချိန်း ... "

ဒေါသကြောင့် ကိုယ့်အသံဘယ်လိုပုံစံ ထွက်သွားမှန်းတောင် မသိလိုက်ပြောလိုက်ရင် လူကို စုတ်ပြတ်သတ်အောင် တွန်းပို့ခြင်းနဲ့ အစချီသည်။ ရှေ့ဆက်ပြောတော့ ကောင်းတာမပါ ...၊

"နင်ဘယ်လိုတောင် ယုတ်မာတာလဲဟင် ... "

"ယုတ်မာရအောင် ခင်ဗျားကို ဘာလုပ်သေးလို့လဲ ... "

ပြောပြီး ကြောင်တောင်တောင် ရပ်ကြည့်နေသူထံ မေးဆတ်သည်။ ပြီးတော့ သူ့တံတောင်ကို ပိုက်ထားရင်း မျက်နှာတစ်ချက် မဲ့သွားလျက် ...၊

"ခင်ဗျားက ဘာလုပ်နေတာလဲ ... "

"ဟင် ... ကိုယ်လား ... "

တီရှပ်ပွပွ ဘောင်းဘီရှည်ပွပွနှင့်လူက မေးရင်း ခြေတစ်လှမ်းနောက်ဆုတ်လိုက်ပြီး ...၊

"သူတို့ ကားပျက်နေသလားလို့ပါ ... "

"အဲဒီတော့ ခင်ဗျားပြင်ပေးနိုင်လား ... "

အူတူတူခေါင်းခါလျှင် ကောင်းချိန်းမျက်နှာ ဒေါသတွေနှင့် ရဲတွတ်သွားကာ ...၊

"မပြင်တတ်ရင် ဒိုးလိုက်တော့ ... "

"ဟင် ... "

"သွားတော့ ... ဒိုးတော့လို့ ပြောနေတယ် ... "

"ဒုန်း ... "

လူကြီးတစ်ယောက်ကို ရင်ဘတ်ကနေ တွန်းပစ်လိုက်သဖြင့် သူတို့တွေ အထိတ်တလန့် ဖြစ်ကုန်ကြသည်။ ကားပေါ်ကို နောက်ပြန်လန်ကျသွားလို့သို့မဟုတ်ဘဲ ကတ္တရာလမ်းပေါ်သာ ပုံပျက်ပန်းပျက် လဲကျသွားခဲ့ရင်မလွယ်။ ထို့ပြင် ယောက်ျားချင်းမို့ ရှက်ရမ်း ရမ်းတော့မည် ထင်ထားသော်ငြား ...၊

"ဂျိမ်း ... "

ထိုလူသည် ကားထဲကို ခြေစုံပစ်ဝင်ကာ ကမန်းကတန်း မောင်းပြေးလေသည်။ ကျဲ အာရုံတွေနောက် ခဏပါသွားသည်။

"ခင်ဗျားနဲ့ရှင်းမယ် ... "

"အား ... "

"ဟော့ ... ဘာလုပ် ... "

"ရှေ့တိုးမလာနဲ့ ... "

တားဆီးသံက ဟိန်းထွက်လာသည်။ ကိုယ့်တူမကို ပခုံးနှစ်ဖက်ကကိုင်ပြီး

ကားနဲ့ ဖိကပ်ထားလိုက်တာ မြင်ပေမဲ့ အောင်မြင်သည့် တားဆီးသံမှာ ဦး မောင်နိုင် ခြေလှမ်းတွေ တစ်ချက် တုံ့သွားသည်။

"မင်း ... မင်းငါ့ကိုလွှတ်စမ်း ... "

"ဒီမှာတွေ့လား ... "

ဟင် ...

ကျဲရင်ဘတ်ကို လက်မောင်းတစ်ဖက်နဲ့ ဖြတ်ခံထားလိုက်ပြီး သူ့ရဲ့ ဘယ်ဘက် လက်လက်ဖျံကို မြှောက်ပြ၏။ သုံးလက်မခန့် ပြနေသော ဒဏ်ရာသည် သွေးတို့ဖြင့် ခြင်းခြင်းနီလျက် ...၊

"ခင်ဗျား ပေးသွားတဲ့ ဒဏ်ရာ ... "

မသေတာ ကံကောင်းလို့လို့ ကိုယ့်ကိုယ်ကိုယ် ပထမဆုံး တွေးမိသော အဖြစ်ဆိုး။ အလဲတို့သာ နည်းနည်းလေး နောက်ကျခဲ့လျှင် သူမသတ္တိကို အထင်သေးစွာ ရပ်နေမိခဲ့သည့် သူ့အဖြစ်ကို မတွေးရဲ ...၊

"ဒီအတွက် မင်းမှာ လုံးဝတာဝန်ရှိတယ် ... အဲဒါကြောင့် ... "

"ဟင် ... မင်း မင်းဘာလုပ်တာလဲ ... "

ဒဏ်ရာနဲ့ သူမအင်္ကျီရင်ဘတ်ကို ဖိကပ်ပစ်လိုက်သဖြင့် ကိုယ့်အင်္ကျီ အဖြူရောင်လေးအတွက် ကျဲယူကျုံးမရစွာ အော်လိုက်မိရင်း ...၊

"မင်း ယောက်ျားဖြစ်ပြီး ဒီလောက်တောင် တုံ့ပြန်လိုစိတ်ကြီးရလား ... "

"ယောက်ျားက ဘာမို့လဲ ... ဒါတင်မကဘူး၊ ကျုပ်ကား ပျက်စီးသွားတဲ့ အတိုင်း ခင်ဗျား လျော်ရမယ် ... "

"လျော်ပေးမယ် ... အဲဒါကို အစကပြောလေ၊ အခုကြည့်စမ်း ... မင်း လူယုတ်မာ ... "

ကျဲ သူ့ကို ဆောင့်တွန်းပစ်လိုက်သည်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်

ကာ ကားတံခါး ဆွဲဖွင့်သည်။ တစ်ရှူး ... တစ်ရှူးဘောက်စ်တွေ ဘယ်မှာလဲ ... လိုက်ရှာတာမတွေ့။ အထဲမီးဖွင့်လိုက်ကာမှ အက်ဆီးဒန့်တည်းက လိမ့်ကျသွားပုံပေါ်သည့် တစ်ရှူးဘော်စ်က ခြေနင်းခုံတွေ ကြားထဲမှာ။ အပြင်က နေ ကုန်းကွရှာဖွေနေသဖြင့် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုပုံစံ ပေါ်နေတာလည်း သတိမရ။ တစ်ရှူးစတွေ တစ်ပြိုတစ်မ ဆွဲထုတ်ယူလိုက်ပြီးမှ ခေါင်းလျှိုပြီး ပြန်ထွက်သည်။ ပြီးတော့ ရင်ဘတ်ကို သုတ်ဖျက်ဖို့ ကြိုးစားသော်လည်း ...၊

"မရတော့ဘူး ... တောက် ... "

ဝဲဘက်ရင်အုံပေါ်မှာ အင်္ကျီပေါ်မှာ တစ်ဝက် ရင်ဘတ်အသားပေါ်မှာ တချို့ သွေးတို့သည် ...၊

"နင် သူများကို ယုတ်မာဖို့ဆို လက်ရောပါးစပ်ရော သရမ်းတယ် ... နင့်ကားကို ငါတိုက်ပစ်ခဲ့တာ ဘာလွန်သလဲ၊ အဲဒီကားပိုင်ရှင်ပါးစပ်က အယုတ္တ အနတ္တတွေ ထွက်နေတာရော ဘယ်သူကြားသလဲ ... "

"ဘယ်သူမှမကြားဘူး ... ဒါပေမဲ့ ခင်ဗျား လုပ်သွားတာ ကားရောလူရော၊ ဒီမှာ ... "

သူက ခပ်နဲ့နဲ့ ရပ်နေကြသည့် သူ့လူတွေကိုလည်း ညွှန်ပြသည်။ ပိန်ချိုင့်ပြုတ်ထွက်နေသည့် ကားကိုလည်းပြကာ နောက်ဆုံး သွေးမတိတ်သေးသည့် သူ့ဒဏ်ရာကိုပါပြ၍ ...၊

"မပြလည်း မြင်တယ်နော် ... ဒါထင်လင်းမြင်သာတွေ ... "

"အဲဒီတော့ ဒီလိုလုပ်လိုက်တာ ပြီးသွားပြီလား ... "

"ဘယ်ပြီးမလဲ ... "

"ငါကမလျော်နိုင်ဘူး ဆိုရင်ရော ... "

"ခင်ဗျား ထောင်ကျခံလေ ... "

ပြောပြီး သူကနာက်ဆုတ် ရပ်လိုက်ကာ ...၊

"ကျုပ်ကားမျိုးကို ခင်ဗျားလုပ်ချလိုက်တာ ဒီကားစုတ်တစ်စီးလုံး ရောင်းပြီး ပြန်လျော်ရင်တောင် ကျေမှာမဟုတ်ဘူး ... အဲဒီတော့ ရွေးချယ်စရာ နှစ်ခုရှိတယ် ... "

"နေပါဦးကောင်းချိန်း ... အလျော်အစားကိစ္စက ဦးနဲ့ပြောရမှာပါ၊ ဒီကားကလည်း ... "

"ဒီကား ဘယ်သူ့ကားဖြစ်ဖြစ် ကျုပ်ကားကို တိုက်သွားတာသူပဲ ... "

နာကျင်နေသည့်လက်က လက်ညှိုးထိုးဖို့ကျတော့ ဆန့်ထွက်လာတာ တန်းခနဲ။ ပြီးတော့ ဦးမောင်နိုင်ဘက် ပြန်လှည့်၍ ...၊

"ကျွန်တော်တစ်ခုခု လုပ်ရင် ခင်ဗျားကလည်း ဝင်နှောင့်ယှက်မှု ဆိုတော့ ကျွန်တော် ခင်ဗျားနဲ့ ပြောဖို့ရှိတယ် ... "

"ပြော ... "

"ပြောပါ ... "

ကျဲအနားကပ်လာတာကို သူကတစ်ချက်ငဲ့ကြည့်ပြီးမှ ...၊

"ကျွန်တော့်ကားကို အကောင်းတိုင်း ပြန်ဖြစ်အောင် လုပ်ပေးမလား ... ခင်ဗျားတူမကို ကျွန်တော်နဲ့ ခဏပေးတွေ့မလား ... "

"ဟော့ ... မင်းဘယ်လို ... "

"ဟိုလိုဒီလိုတွေ့ဖို့ မဟုတ်ဘူး ... အတူတူသောက်ကြရုံပဲ၊ အနည်းဆုံး တစ်နာရီလောက် ... "

"ဘာဖြစ်ဖြစ် မင်းပြောတာကြီးက ... "

"စဉ်းစားလေ ... မနက်ဖြန်ဆယ်နာရီ ကျုပ်ရှေ့နေ လာလိမ့်မယ်၊ တစ်ယောက် ခြေကျိုးသွားတယ် ... ကျုပ်လက်မှာ ဒဏ်ရာဖြစ်တယ်၊ အဲဒါတွေကိုရှင်း ဖို့ ပြင်ထားပေ့ါ ... "

သူက နှစ်ယောက်စလုံးကို လှည့်ကြည့်ပြီးမှ လှည့်ထွက်သွားသည်။ ကျဲတစ်စုံတစ်ခုကို ချက်ချင်း ဆုံးဖြတ်ရမှာဖြစ်ကာ ခေါင်းထဲမှာ ရှုပ်ယှက်ခတ်အောင် ပူထူနေသော်လည်း ...၊

"ခဏနေဦး ... "

သူခြေလှမ်းရပ်သွားတော့ နောင်တရမိသလို တစ်ချက်တွေသွားသည်။ ပြီးမှ မျက်နှာပေါ်မှာ လာရှုပ်နေသည့် ဆံပင်တစ်ခြမ်းကို လက်နဲ့သိမ်းယူပြီး နောက်ကိုပို့လိုက်ရင်း ...၊

"မင်း ကတိတည်နိုင်လား ... "

"ဘာလဲ ... "

"အရက်သောက်ရုံပဲ ဆိုတာ ... "

သူ့နှုတ်ခမ်းမှာ အပြုံးတစ်ချက် ထင်သွားသည်။

"ခင်ဗျား လုပ်နိုင်သလားပဲ စဉ်းစားပါ ... အရက်သောက်ဖို့ ဆိုတာ ကျွန်တော် သောက်နိုင်သလောက် သောက်ရမှာ၊ ပြောရရင် အဲဒီတစ်ဝိုင်း မသိမ်းခင် အထိ ခင်ဗျားသဘောနဲ့ ဘာမှမရဘူး ... ကျွန်တော် အာမခံနိုင်တာက ခင်ဗျားကို မှဲ့တစ်ပေါက် မစွန်းစေရဘူး ... "

"အိုခေ ... ဒီကားကိစ္စကို လျှော်ဖို့လည်း ကတိတည်ပါ ... "

"မိန့်ငင်း ... "

ဦးမောင်နိုင် ဘယ်လိုပဲ သတိပေးသလို ခေါ်ပါစေ သူ့စကားသံ တိုးမပေါက်ခဲ့ဘဲ အားလုံး ထွက်သွားကြကာမှ ...၊

"ဘယ်လိုလုပ်လိုက်တာလဲ မိန္နင်းရယ် ... "

"သမီးလုပ်မှဖြစ်မယ် ... ဒီပြဿနာ ဒီတိုင်း မေမေသိလို့ မဖြစ်ဘူး၊ နောက်တစ်ခုက သမီးတို့မှာ လျှော်စရာမရှိဘူး ... "

***

# အခန်း(၃)

ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည့် ကမ္ဘာကျော် ခြေလှမ်းများကို အသွားအပြန် လိုက်ကြည့်မနေပေမဲ့ ခေါင်းတွေပါ မူးလာတဲ့အထိ လျှောက်ပဲ လျှောက်နိုင်လွန်းပါ၏။ ရပ်နေကြတဲ့ လူတွေကိုလည်း အားမနာပါလား ...။ ဦးကောင်းပြည့် ဆိုသော ကမ္ဘာကျော် နိုင်ငံကျော် စီးပွားရေး ပညာရှင်ကြီးက စွပ်ကျယ်ချိုင်းပြတ်အဖြူ စစ်ရောင် ဘောင်းဘီရှည်ပွပွနှင့် တိုတိုရှင်းရှင်း ဆံပင်တွေကို ခေါင်းလိမ်းဆီနဲ့ သေသပ်အောင် ဖြီးထားပေမဲ့ အထက်အောက်က ခြားနားနေ၏။ နှစ်ဆယ့်လေးနာရီနီးပါး လုပ်ငန်းဆောင်တာများနှင့် ချာချာလည်နေ သောဘဝမှာ အိမ်မှာနေရသည့် အချိန်လေးကို ဦးကောင်းပြည့် အလွန် တန်ဖိုးထားတတ်သူ ဖြစ်သည်။ ကိုယ့်ခြံဥယျာဉ်ထဲ ဆင်းကာ စာအုပ်တစ်အုပ်နှင့်အေး ဆေးစွာနေချင်သည်။ ဒါမှမဟုတ် ဒီသားတစ်ယောက်နဲ့ အချိန်ဖြုန်းချင်၏။ သားမသိတာတွေ ပြောပြချင်သည်။ မတတ်သေးတာတွေကို သင်ပေးချင်၏။ ငါ့သား ငါ့လိုလာပ့ါမလား ဆိုသည့် စိုးရိမ်စိတ်ကြောင့်ကြမှုကြီး ရင်ထဲမှာ ရှိနေတာတော့ မဟုတ်။ လူငယ်တွေအတွက် အချိန်လိုသည် ဆိုတာလည်း နားလည်ပါသည်။ ဒါပေမဲ့ ပူတာကိုတော့ ဖျောက်မရနိုင်။ ကိုယ်က ရယူချင်သူအတွက် အချိန်ယူဖို့မလိုပေ။ နာရီနဲ့အမျှ ကြိုးစားနေသင့်သည့် အရွယ်မှာ သူငယ်ချင်းတွေနဲ့ လေလောင်းဖြုန်းတီး ပစ်နေသည့် အချိန်တွေက ငွေတွေကို ထိုင်သုံးနေတာထက် နှမြောဖို့ ကောင်းသေးသည်။

ကိုယ်ရဲ့တစ်ဦးတည်းသော သားလေးမို့ သူ့မှာအစီအစဉ်တွေ အများကြီး ရှိ

နေပေမဲ့ သင်းကတော့ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်လာနေတာ သုံးဖြုန်းပျော်ပါးဖို့ ...။ ဘယ်လိုဆုံးမရမလဲ ... ကိုယ့်ရဲ့ပါတနာတွေ သူတို့ ကလေးတွေကို ခေါ်လာကြသည်။ သူ့ဘေးမှာထားပြီး စီးပွားရေး အသိပညာတွေ ဆည်းပူးစေလိုကြသည်။ ပါလာသည့် လူငယ်လေးတွေက လည်း လိုချင်သည့်မျက်လုံး ရိုကျိုးသည့် အမူအရာလေးတွေနဲ့ လိုလိုလားလား ...။ဘယ့်နှယ် ကိုယ့်သားကျမှ ပြန်မပြောနားမထောင်။ ကျွဲ ပါးစောင်းတီး။ စိတ်မချမ်းမြေ့ခြင်းနှင့် အတူ သူ့ခြေလှမ်းတွေ ကောင်းချိန်း ရှေ့မှာရပ်၏။ တန်းစီ ရပ်နေကြသည့်ထဲမှာ မင်းခ အဖေဦးမျိုးလွင်၊ အလဲ အဖေဦးအလဲလူ၊ ပြီးတော့ ကိုးသုညရဲ့အဖေ ဦးညွှန့်အတွဲ လိုက်လူစုံရှိနေ ကြ၏။ ရှိနေရအောင် တစ်ရက်ကနေ ကြိုပြီး မှာထားလိုက်တာလည်း ပါသည်။ ဒီကလေးသုံးယောက်ကို ကောင်းချိန်းနဲ့ ကစားဖော်လည်း ဖြစ် အောင် လူကြီးတွေလည်း ပိုအဆင်ပြေအောင် ပညာရေး စီးပွားရေးပြည့်စုံ တဲ့အထိ တာဝန်ယူပြီး ခေါ်ထားခဲ့တာ ငယ်ငယ်လေး ကတည်းက ...။ မိဘ တွေကလည်း ကိုယ့်လုပ်ငန်းထဲမှာပဲ ရှိနေကြတာ ဖြစ်သော်ငြား ...၊

"မင်းတို့ကိုပဲ ကလေး ပြန်အပ်ရလိုဖြစ်နေပြီ အလဲလူ ... "

"သူ့ငွေး ... "

"အေး ... လေးယောက်ပေါင်းပြီး အင်အားမြှင့်ပေးလိုက်တာ၊ ထင်ရာလုပ် ဖို့ ကျနေတာပဲ ... "

"သားဘာလုပ်လို့လဲဖေဖေ ... အဲဒီ ဖေဖေ့မီးခံသေတ္တာထဲက ယူမသုံးမိတာ နဲ့ဘဲ ဘဏ်က ထုတ်လိုက်တာ ဘာဖြစ်လို့လဲ ... "

"မင်းထင်သလို ယူလို့ရသွားတယ်လေ ... "

မီးခံသေတ္တာထဲမှာ ရတနာပစ္စည်းလေး အနည်းအကျဉ်းအပြင် ငွေသား နည်းနည်းပဲ ထည့်ပေးထားတာ သားရဲ့အသုံးစရိတ်ကို မျက်ခြည်မပြတ်ချင်

လို့ ဖြစ်သည်။ ခုတော့ မီးခံသေတ္တာ ဖွင့်ကြည့်တိုင်း သိပ်မသုံးပါလား တွေး နေမိတာ ဘဏ်ထဲက ယူနေမှန်း ခုမှသိရတဲ့အဖြစ် ...၊

"မင်းတို့ကလည်း ဘာလဲ ... ဖွားဘက်တော်တွေလား၊ ဝါးဘက်တော်တွေ လား ... ပြောလိုက်ရရင် မတော်ဘဲရှိတော့မယ် မင်းတို့ ... "

"ကျွန်တော်တို့ ကလေးတွေကို ဆုံးမပဲ့မယ် ... "

အဖေတွေက ပျာပျာသလဲ ကတိပြုကြသည်။ ဒါကျတော့ မျက်နှာတွေ ပူ ကာ ...၊

"ကျုပ်လည်း ဆုံးမမနိုင်တဲ့ သားမွေးထားတာပဲ ... " ဟု ဝန်ခံရလျက် ...၊

"အဲဒီလက်မောင်းနဲ့ ဟိုတစ်ယောက် ခြေထောက်က ဘာတွေဖြစ်တာလဲ ပြောစမ်း ... "

"အဲဒါ ... "

"မင်းကို တစ်ယောက်ယောက် ဆော်သွားတာလား ... ကောင်းတယ် ... "

ဖြေမလို့ပြင်တုန်း ဦးကောင်းပြည့်က ဩဘာပေးနေသည်။

"မင်းကို ဒဏ်ရာဒီလောက် ဖြစ်သွားအောင် လုပ်နိုင်တာပဲ ချီးကျူးဖွယ်ဖြစ် နေပြီ ... ဘယ်သူလဲအဲဒါ၊ ဘယ်သူကစတဲ့ ပြဿနာလဲ ... အဲဒါဘယ်သူပဲစ စ မင်း လက်တုံ့ပြန်ဖို့ စိတ်မကူးနဲ့နော်၊ လူတကာအပေါ် အနိုင်လိုချင်တာ ဗိုလ်ကျတာတွေလျှော့ ... ဖြစ်လာရင် ငွေနဲ့ ရှင်းလို့ရတာပဲ မထင်နဲ့ ... မေတ္တာတရားဆိုတာ လူစိတ်ရှိတဲ့ လူမှထားတတ်တာ၊ ကိုယ့်ကိုယ်ကိုယ် မ သေသေးဘဲ ဘဝကူးအောင် မလုပ်နဲ့ ... "

ဦးကောင်းပြည့်က ပြောပြီဆို နည်းနည်းလေးမှ မညှာတာ။ သားကလည်း သားဆိုမှသား။ ဆူနေတုန်းဆို ခေါင်းကိုလှည်းနဲ့ပဲ တက်နင်းပါစေ အော်သံ တစ်ချက်မှ ထွက်မှာမဟုတ်။ နောက်ကွယ်ရောက်ပြီဆို ထင်ရာစိုင်း ...၊

"ဒဏ်ရာပဲရရ ခြေကျိုးလက်ကျိုး ရုံးရောက် ဂါတ်ရောက် ဘာဖြစ်ဖြစ်နော် ... ပိုဆိုးပြီး မိန်းမကိစ္စ ပါပါမလာနဲ့၊ ရှင်းမရတာ အဲဒါပဲ ... မင်းကို ဘယ်လောက်ပဲ အလိုလိုက်ထားထား မိန်းမရှုပ်တာ ငါမကြိုက်ဘူး၊ ရှုပ်ပြီဆိုရင် ကိုယ့်ဘာသာရှင်း ... ဝါသနာကိုပါနေတာ ဆိုရင်တော့ ကိုယ့်ကိုယ်ကိုယ် မိဘမဲ့ အသိုင်းအဝိုင်းမဲ့လို့ နှလုံးသွင်းထားပေတော့ ... "

ပြောရက်ပါပေ့ဆိုသည့် မျက်နှာက ရှုံ့မဲ့သွားသည်။ ဦးကောင်းပြည့်က ထွက်သွားတော့မလို ပြင်ပြီးမှ ပြန်ငဲ့ကြည့်၍ ...၊

"မရှုပ်မပွေပါနဲ့ မှာနေတာ မင်းရှုပ်ပွေနေတာကို မသိလို့မထင်နဲ့ ... ဖအေက မကြိုက်ဘူး ဆိုတာကို သတိပေးနေတာ၊ တစ်ဦးတည်းသောသား ဖြစ်ဖြစ် တစ်ဖွဲ့တည်းသောသား ဖြစ်ဖြစ် မိဘမျက်နှာ ဂုဏ်သိက္ခာကိုမှ မငဲ့ညှာရင် ဒီလိုသားသမီးကို ခြေမမကောင်းခြေမ လက်မမကောင်းလက်မပဲ ... "

နောက်ထပ် ခြေလှမ်းပြင်ပြန်သည်။ ဒါပေမဲ့ ကောင်းချိန်းက သိနေသည်။ ဖေဖေမပြီးသေးဘူး ဆိုတာ။ ချာခနဲပြန်လှည့်လာတော့ မျက်နှာငံ့ပြီးပြုံးမိ၏။

"ကောင်း ... "

"ဗျာ ... "

"ဒီတစ်ခေါက် ငါဂျပန်မှာ ကြာလိမ့်မယ် ... ပြန်လာတဲ့အထိ ဘာမှအပြစ် မဖြစ်အောင်နေ ... "

"ဟုတ်ကဲ့ပါ ... "

"အေး ... တစ်ခုခုပြဿနာ ကြားရရင် မင်းကို ဘာလုပ်မယ်ဆိုတာ မပြောသေးဘူး ... "

"ဟုတ်ကဲ့ပါ ... "

"မင်းကိုမော်ဒယ်ကျဲ နောက်လိုက်နေတာ တွေ့တယ်လို့ ငါသတင်း ကြားတယ် ... "

"ဟုတ် ... ဟင် ... "

မိဘကပြောတိုင်း ဒီဘက်နားကဝင် ဟိုဘက်နားကထွက်။ အလွယ်တကူ 'ဟုတ်ကဲ့'လိုက်နေရင်း ကျဲဆိုသည့် နာမည်က တိုးယိုပေါက် ထွက်မသွားဘဲ ကန့်လန့်ခံ၏။ အနည်းငယ် ထိတ်လန့်သွားသည့် ကောင်းချိန်းမျက်နှာကို ဦးကောင်းပြည့်က အမိအရ အကဲခတ်၍ ...၊

"မင်းကြည့်လုပ် ... ဒီတစ်ခေါက် ငါပြန်လာရင် မင်းရဲ့အိမ်ထောင်ရေးကိုပါ ... "

"ဟာ ... ဖေဖေ့ ... "

"ငါ့စကားကို ဖြတ်ပြောတာ မကြိုက်ဘူး ... "

"မဖြတ်ရင်ဖေဖေက ပြောသလို လုပ်တာလေ ... မလုပ်ပါနဲ့၊ သားမိန်းမ မလိုချင်ဘူး ... "

"ရှုပ်ပွေနေရတာပျော်လား ... "

ပျော်တယ်လို့ ဖြေလိုက်ရင် ကိုယ်ကျိုးနည်းမည့် ကိစ္စ ...၊

"ဒါကတော့ လူငယ်ပဲဖေဖေရာ ... ပြီးတော့ ဖေဖေ့ကို အချိန်ကန့်သတ်တောင်းထားတာပဲဟာ ... အဲဒီအတွင်းတော့ သားလွတ်လပ်သလို နေပါရစေ ... "

"ခြောက်လပဲ ကျန်တော့တယ် ဆိုတာ မမေ့နဲ့ ... "

ဒီတစ်ခါ ပြန်မလှည့်တော့သည့် ခြေလှမ်းတွေမှန်းလည်း ကောင်းချိန်းက သိနေပြန်ကာ ...၊

"ဟူး ... "

ဆံပင်တွေပွ လက်ဖျားနှစ်ဖက်ခါ၍ လေပူမှုတ်လိုက်ရင်း ...၊

"အဲဒီဒဏ်ရာတွေ ကျဲပေးလိုက်တာလို့များ ပြောလိုက်ရင် အဲဒီတစ်ယောက်ကို ပန်းပေါင်းစုံ ကန်တော့ပွဲနဲ့များ ချီးမွမ်းထောမနာပြုဦးမလားမသိဘူး ... "

"သတိတော့ထားပါ လူလေးရယ် ... သူဌေးခမျာလည်း သူတာဝန်ကြီးနေရတဲ့ လုပ်ငန်းဆောင်တာတွေ မနည်းဘူးလေ ... "

ဦးမျိုးလွင်ဝင်ပြောမှ သတိရသွားကာ ကောင်းချိန်းမျက်နှာ ဖျတ်ခနဲ လှည့်လာသည်။ လုပ်ငန်းထဲမှာ အတွင်းစည်း ပေါက်တာတွေ အတိုက်အခိုက်ပြုဖို့ ကြံစည်တာတွေ ဘယ်လိုလျှို့ဝှက်တဲ့ ကိစ္စဖြစ်ဖြစ် ဖေဖေ့ကို အချိန်မီ သတင်းပေးနိုင်တဲ့ လူယုံရှိနေတာ သူသေချာသိသည်။ ဒါဘယ်သူဖြစ်မလဲ ...။ ဖေဖေ့နားမှာ အများဆုံး တွေ့ရတတ်သူထံ မျက်လုံးက တန်းခနဲ ရောက်၏။ ဦးညွန့်က မျက်လုံးချင်း ဆုံလိုက်တာနှင့် အထိတ်တလန့် ခေါင်းခါလျက် ...၊

"မဟုတ်ဘူး ... "

တစ်ယောက်က ဘာစွပ်စွဲလိုက်မှန်းမသိ။ တစ်ယောက်က ဘာကို ငြင်းမှန်းမသိ။ အသံတွေကြားကာမှ သူတို့တွေ အံ့ဩကုန်ကြသည်။ ကောင်းကလည်း ဦးညွန့်ကိုပဲကြည့်၍ ...၊

"မဟုတ်ရင် ဘယ်သူရှိသေးလို့လဲ ... ဖေဖေ့ဘေးမှာ ခင်ဗျားတို့ထက်ယုံ ရတဲ့သူမရှိဘူး ... "

"ရှိပြီကော လူလေးရယ် ... သူဌေးလိုလူမှာ ကျုပ်တို့က လက်တိုလက်တောင်းတွေပါ၊ အချိန်နဲ့ တစ်ပြေးညီ သတင်းဦးတွေကို သူ့

နားထဲရောက်အောင် ပို့ပေးနိုင်တဲ့ လူယုံတွေမှ အများကြီးပါ ... လက်ဖျစ် တစ်ချက်မှာ အခါတစ်သိန်း သတင်းထူးတွေကို သိချင်ပါတယ် ဆို ရင်တောင် ပြောဖို့မလိုပါဘူး၊ သူ့သားလေး ဘယ်လိုလှုပ်ရှား သွားလာနေ တယ် ဆိုတာသိဖို့ ဘာခက်လို့လဲ ... "

ကောင်းက မယုံချင်။ ဦးအလဲလူကလည်း ကောင်းရှေ့ထိလာကာ ...၊

"ဟုတ်ပါတယ် ... ဦးတို့ကို အထင်မလွဲပါနဲ့၊ လူလေးကိုယ်တိုင်လည်း ပုန်းလျှိုးကွယ်လျှိုး လှုပ်ရှားနေတာမှ မဟုတ်တာ ... ဟုတ်တယ်မို့လား၊ သားအပေါ်ဂရုစိုက်မှု ရှိနေတဲ့ အဖေ တစ်ယောက်က သူ့သား ဘာလုပ်နေ တယ်ဆိုတာ သိတာ မဆန်းပါဘူး ... "

ဦးမျိုးလွင်ကတော့ ကောင်းလက်က ပတ်တီးကို ကြည့်နေပြီးမှ သားဖြစ် သူထံမျက်လုံး ရောက်သွားကာ ...၊

"မင်းတို့ သုံးယောက် ရှိနေရက်နဲ့တောင် ဒီလိုဒဏ်ရာဒဏ်ချက် ကျန်ရစ် အောင်ဖြစ်ရတယ် ... "

"ဖေဖေ့ ... "

"သူ့ငွေးမျက်လုံးတွေကို မြင်တာနဲ့ ငါသိတယ် ... "

ပြောပြီး မင်းခလက်ကို ဆောင့်ဆွဲခေါ်ထုတ်သွားကာ ကော်ရစ်ဒါအကွယ် ရောက်မှ ...၊

"မင်းတို့ကိုယ်မင်းတို့ ကောင်းရဲ့ သူငယ်ချင်းဖြစ်ဖို့ပဲ တာဝန်ရှိတယ် ထင် နေတာလား ... မင်းတို့ကို နို့စို့အရွယ်လေးတွေတည်းက ခေါ်မွေးခဲ့တာနော်၊ သူ့သားနဲ့မခြား အခွင့်ထူးတွေပေးပြီး စောင့်ရှောက်ထားခဲ့တာ ... အဲဒါတွေ ကို ဘာလို့လို့ထင်နေသလဲ၊ သူဘာတွေပြောပြီး မင်းတို့ကို ဂရုစိုက် စောင့် ရှောက်ခဲ့သလဲရော သိကြရဲ့လား ... "

"ဖေဖေရာ ... "

"အေး ... အများကြီးမတွေးနဲ့၊ သူဘာမှ မတောင်းဆိုခဲ့ဘူး ... ဖြစ်စေချင်တာ လေးတစ်ခုပဲ၊ မင်းတို့ကို သူ့သားအတွက် ရဲဘော်ရဲဘက်ကောင်းတွေ ဖြစ်စေချင်တာလေးပဲ ... ဒါလေးပဲမင်းခ၊ မင်းတို့ သုံးယောက်တောင်မှရှိတာ ... ကောင်းရဲ့ကိုယ်မှာ ဆူးခြစ်ရာတောင် ထင်မသွားသင့်ဘူး၊ ဒီလောက်တော့ နားလည်ရမှာပေါ့ ... "

"ကျွန်တော်တို့ ကာကွယ်ဖို့ ကြိုးစားတာပဲ ဖေဖေရာ ... သေမယ်ဆို အပြုံးလိုက်ကို သေသွားဦးမှာ ... "

"ဒီလိုဖြစ်ရင်တောင် တစ်ယောက်တော့ ရှင်အောင် မင်းတို့ကြိုးစားရမယ် ... "

သေပါတော့ ... မင်းခ နဖူးပွတ်ရင်း ထိုလက်က လည်ပင်း ကုတ်မိပြန်သည်။ ရှင်းပြတော့လည်း လက်မခံ။ မရှင်းဘဲနေရင်လည်း ပြီးတော့မှာမဟုတ်။ ဦးကောင်းပြည့် စေတနာ ထားခဲ့တာတွေ ပြန်ပြောနေတာ အစကနေအခါခါ ...၊ အမေကင်ဆာအကြိတ်ကြီး ထွက်ပြီး ဘဝဆုံးတော့မလို ဖြစ်ခဲ့တာ သူတောင် ရှစ်တန်းရောက်နေပြီ သိတာပေါ့ ...။ လုပ်ငန်းထဲမှာ မတော်တဆ ငွေလျော်ခဲ့တာတွေရော သူသိတတ်တဲ့အရွယ်မှာပဲ မသိဘဲရှိမလား ...။ ပြောရမယ်ဆို ဦးအလဲလူက ကရင်တိုင်းရင်းသား ဖြစ်သည့်ပြင် မိသားစုဒုက္ခတွေနှင့် ဦးကောင်းပြည့်ဆီ ရောက်လာခဲ့တာဖြစ်သည်။ ဒါတွေကို အစစ ကူညီမှုပေးခဲ့သည်။ ကလေးတွေ အများကြီးထဲမှာ အလဲက ကောင်းနဲ့ တစ်လတည်းအတူ မွေးခဲ့သည့်ကလေးမို့ တာဝန်ယူမွေးစားခဲ့သည်။ သူတို့တွေကို ပညာတွေသင်ပေးရုံမက စီးပွားရေး လုပ်ငန်းတွေမှာပါ ပါဝင် ခိုင်းစေထားခဲ့သေးသည်။

တစ်ချိန်ချိန် အိမ်ရာထူထောင်ကြရင် ကိုယ့်လုပ်ငန်းလေးတွေနဲ့ ကိုယ်

နေရာကျဖို့ ဒါတွေကို သိပြီးတတ်ပြီးသား ဖြစ်နေမှလို့လည်း ဆို၏။ တကယ်ကို စေတနာပြည့်ဝသည့် ကူညီမှုတွေပါ။ သိနေပြီးသားကို စိတ်အလိုမကျတိုင်း ဖေဖေရောမေမေရာ ဒါတွေပဲပြောပြောပြီး ဆူတာခဏခဏ။ ကောင်းကိုယ်တိုင်က သူတို့ကို သူငယ်ချင်းလို ခေါ်ပြောဆက်ဆံကြဖို့ နေရာပေးခဲ့တာ။ နောက်တော်ပါးက တကပ်ကပ် လိုက်နေရအောင်ငါက အိမ်ရှေ့စံမင်းသားကြီးလား ဆိုပြီး ဒေါသတွေတောင် ထွက်နေသေးသည်။ 'ကောင်းရဲ့စိတ်ကိုက ဒီလိုပါဖေဖေရယ် ဆိုလည်းမရ' 'သူများ အခွင့်အရေးပေးတိုင်း မယူရဘူး'တဲ့။ အခြေအနေ သည် စိတ်ပျက်စွာရှိနေဆဲ ...၊

"မင်းခရော ... "

"ငါဒီမှာ ... "

ကောင်းရဲ့အသံ ကြားလိုက်တာနှင့် မင်းခ ခုန်ပေါက်ပြေး၏။ ဦးအလဲ လူတို့လည်း ထွက်လာကြကာ ...၊

"သူဌေးကျူပ်တို့ကို ခေါ်ထားတယ်ဗျ ... မြန်မြန်သွားရအောင် ... "

လူကြီးတွေမှာ တစ်ဒုက္ခ ...။ လူငယ်တွေကတစ်မျိုး ...၊

***

အခန်း(၄)

"ဒါပဲလား ... ဘာဖြစ်လို့ မင်းတို့နှစ်ယောက်ပဲလဲ ... "

အလိုမကျသည့်မျက်နှာက မျက်ခုံးထူသူမို့ ပိုသိသာနေသည်။ အနီရဲရဲ ဆွယ်တာကြောင့် ပိုထင်းနေ၏။ ပြီးတော့ ရင်ညွန့်အောက်ထိ ရှည်လျား သော ဗလင်ဗလင်းက ပြိုးပြက်လက်နေသဖြင့် ဒေါသမျက်ဝန်းတွေ အားဖြ ည့်နေကြသည်။ ကိုင်ထားသည့် ဖန်ခွက်ကို စားပွဲပေါ် ဒေါက်ခနဲ ဆောင့်ချ လိုက်ပြီး ...၊

"သွား ... တစ်ယောက်မှ မကြိုက်ဘူး၊ မာလာကျော့်ကို လွှတ်လိုက် ... "

စကက်တိုတို ရင်ဘတ်တစ်ဝက်ထိ ဇစ်ဖွင့်ထားသည့် ကိုယ်ကျပ်အင်္ကျီ လေးတွေနှင့် ကောင်မလေးနှစ်ယောက် မျက်နှာပျက်သွားသည်။ မိန်းကလေး သဘာဝအတိုင်း မနာလိုစိတ်ကြောင့် ကြောက်လန့်ဖို့ကိုသတိမ ရ ...၊

"မာလာကျော် မရှိပါဘူးလို့ ပြောနေတာပဲ ... "

"ပုလဲတို့က ဘာဖြစ်နေလို့လဲ ... "

"မကြိုက်လို့လေ ... မသွားသေးဘူးလား ... "

"ဟွန့် ... "

"ဟော့ ... "

ပုလဲဆိုသည့် ကောင်မလေးက ခြေလေးဆောင့်၍ ထွက်သွားသည်။ ကောင်းက ပြန်ခေါ်လိုက်ပြီး ...၊

"လာ ... ဒီမှာထိုင်၊ ဟိုတစ်ယောက်သွားတော့ ... "

ပုလဲမျက်နှာ ဝင်းလက်သွားသည်။ ကောင်းရဲ့ဘေးမှာ အပြေးအလွှား ဝင်ထိုင်ပြီး တစ်ခါတည်း သူမကိုယ်လေးကိုပါ ကောင်းဘက်ကို ယိမ်းယိုင်ထားလိုက်ပြီးဖြစ်ကာ ...၊

"ပေး ... ပုလဲထည့်ပေးမယ် ... "

"နိုး ... "

ရေချိန်ကိုက်နေပြီဖြစ်သည့် ကောင်းလှုပ်ရှားမှုတွေက နှေးကွေးနေသည်။ ပြီးတော့ သူမလက်ကို ဖိဆုပ်ထားပြီး သူဘာလုပ်ဖို့လဲ ဆိုတာ မေ့သွားသလို ခေါင်းကို ဟိုငဲ့ဒီငဲ့နှင့် မျက်တောင်တွေ ခတ်နေ၏။ ပြီးတော့ လက်ကိုပုတ်ထုတ် ပစ်လိုက်ကာ ...၊

"မင်းအင်္ကျီဇစ် ဖွင့်ချလိုက် ... "

"ဟာ ... ကိုကြီးကလည်း ... "

"အင့် ... "

ဘေးမှာပုံထားသည့် ဂျာကင်ကြားထဲကို လက်နှိုက်သည်။ ပါသလောက်ဆွဲထုတ်ကာ ပုလဲရင်ဘတ်ထဲ အတင်းထိုးတည့်၏။

"ဒါဆိုရပြီလား ... "

"ကိုကြီးနော် ... အရမ်းအနိုင်ကျင့်တာပဲ၊ ဒီကလပ်က ကိုကြီးတစ်ယောက်ကိုပဲ အားလုံး ဖွင့်ပေးထားတာ သိလား ... မိန်းကလေးတွေကို ဒီမှာဒီလိုမျိုး ... "

"ကျွတ် ... နားညည်းလိုက်တာကွာ၊ အလဲ ... မင်းခ ... "

"ရှိတယ် ... ဟော့ ခိုင်းတာလုပ်လိုက်၊ မလုပ်ချင်လည်း သွားတော့ ... "

"အံမာ ... ငါပိုက်ဆံပေးထားတာလေ ... "

အခြေအနေတွေ ရှုပ်ထွေးနေကာ ခေါင်းမော့မိကျသွားမှ ပါးစပ်ပါပိတ်၏။ ပုလဲကို အပြင်ထွက်ခိုင်းပြီး သူတို့တွေဘေးမှာ ထိုင်လိုက်ကြသည်။ အိပ်ပျော်သွားပြီ ထင်ကာ အသာလေး တွဲထုတ်သွားဖို့ပေမဲ့ မျက်လုံးတွေ ဖတ်ခနဲ ပွင့်လာသည်။ ပြီးတော့ ဘေးကိုစောင်းသွားကာ နံရံမှာကပ်ထားသည့် အရက်ကြော်ငြာထဲက ကျဲရဲ့ဝေါလ်ရှိဆီမှာ ...။ ပြီးတော့ ...၊

"လှလိုက်တာ ... "

"မင်းသူ့ကို တွေ့ချင်နေတာမို့လား ... မိန်းကလေးတွေမြင်တိုင်း စိတ်တိုင်းမကျ ဖြစ်နေတာ ... "

"ဟုတ်တယ် ... "

မျက်နှာကို ဖိပွတ်ပစ်လိုက်ပြီး ဝန်ခံသည်။ ကားမောင်းသွားပြီ ဆိုလည်း လမ်းဘေးက ရတနာဆိုင် ကြော်ငြာတွေမှာ ဘယ်ဘုတ်ကို ကြည့်ကြည့်ကျဲ ...။ တီဗွီရှေ့မှာထိုင်လိုက်တိုင်း ဖုန်းဖွင့်လိုက်တိုင်း ကြော်ငြာမျိုးစုံမှာ သူမမပါရင်မပြီး။ တချို့ရှိုးပွဲတွေမှာ သူမပါလာတတ်ကာ ပရိသတ်ကိုတော့ သိတတ်ဖော်ရွေလိုက်တာ ပြုံးပြနူးညံ့နေလိုက်တာ ...။ သူ့ကိုဆိုရင် တစ်မျိုး ...၊

နှုတ်ခမ်းသည် လွန့်ခနဲ မဲ့သွားသော်လည်း မျက်လုံးတွေက မှိတ်ကျသွား၏။ အလဲတို့ တစ်ယောက်နဲ့ တစ်ယောက် လှမ်းကြည့်ကြသည်။ ပြီးတော့ ဝေါလ် ရှိကိုလှမ်းကြည့်ပြီး ...၊

"နေဦး ... ဒီကောင့်ကို ငါတို့ကားဆီရောက်အောင် ထမ်းမသွားရမဲ့နည်း ငါသိပြီ ... "

"ကောင်မလေးတွေ သွားမခေါ်နဲ့ဟေ့ကောင် ... ဒီကောင်ညစ်နေရင် အဲဒါတွေနဲ့မရဘူးနော် ... "

သူတို့ဘာလုပ်နေကြသလဲ ကောင်းကမသိ။ မိုတ်ထားသည့် မြင်လွှာထဲမှာလည်း ကျဲသည် ခမ်းနားစွာ နေရာယူနေကာ အနက်ရောင် လည်ဟိုက်လက်ပြတ် ပေါင်တိုကပ်ကပ်လေးနှင့် အပါးသား အပေါ်ထပ်ရှည်ကြီးဝတ်၍ အရက်ခွက်ကိုင်ထားသော ဝေါလ်ရှိထဲက ပုံရိပ်ကို မြင်ယောင်နေသည်။ ပြီးတော့ သွယ်လျသည့် ပေါင်တံသည် အပြင်မှာလိုမဟုတ်ဘဲ အညိုရောင်ပြောင်နေလျက် မျက်နှာလေးကိုလည်း အညိုရောင် ခြယ်ထားသေးသည်။ ထူပြည့်လှပသည့် နှုတ်ခမ်းလွှာတို့သည် အနက်ရောင် မွဲခြောက်ခြောက်နှုတ်ခမ်းနီနှင့် ထူပိတ်နေသော မျက်တောင်ကော့တွေနဲ့ မျက်ဝန်း။ တစ်ကိုယ်လုံး အညိုရောင် အနက်ရောင်တွေနှင့် လင်းလက်နေအောင် လှနေသည့် သူမသည် ဘယ်လို ဆုတောင်းတွေနဲ့ ဒီလောက်တောင်လဲ ...။ သူ့ရင်ခုန်သံတွေ မြန်လာသည်။ ဒါကိုမကျေနပ်သော တင်းကျပ်ခြင်းသည် ...။

... ... ... ... မာယာတွေကိုတောင်လိုပုံ ချထားတယ် ... ... ... ... ... ...

... ... ... အရာရာကိုလေ ပါဝါအာဏာများနဲ့ ... ... ... ... ...

... ... ... မ နားကပ်ဖို့ သားကလာမှာ မရလည်း ... ... ... ... ...

ဟင် ...

သူ့မျက်လုံးတွေ ဖျတ်ခနဲပွင့်၏။ တီဗွီဖန်သားပြင်မှာ ရွှေထူးတို့ ဆိုနေကြတာ 'မမဆယ်လီ သားတစ်လီ'။ သူ့မျက်နှာ ပြုံးယောင်သန်း သွားသည်။ အားလုံးပဲ ပြုံးသွားကာ ...၊

"အိုခေပြီ ... "

လက်မတွေထောင်ပြီး ဆိုဖာမှာ ပစ်စလက်ခတ် ထိုင်ချပစ်လိုက်ကြ၏။ အခြေအနေသည် ပျင်းတွဲ တိတ်ဆိတ်သွားရာကနေ သီချင်းသံနှင့် ဖန်ခွက်နဲ့ပု လင်းထိခတ်သံတို့ဖြင့် စိုပြေသွားခဲ့ပြီး ...၊

... ... ... ... ... မမဆယ်လီ ဆယ်လီ ... မမဆယ်လီ ဆယ်လီ ... ... မမဆယ်လီ ဆယ်လီ ... ... ... သားကတစ်လီ တစ်လီ ... ... ... ... ...

ကောင်း သဘောတွေကျနေကာ မိုက်ဆွဲပြီး သူပါရောဆိုနေ၏။

... ... ... ... ... မမဆယ်လီ ဆယ်လီ ... မမဆယ်လီ ဆယ်လီ ... ... မမဆယ်လီ ဆယ်လီ ... ... ... သားကတစ်လီ တစ်လီ ... ... ... ... ...

ဆိုနေရင်း ထရပ်လိုက်တော့ ဒယိမ်းဒယိုင်။ လူကယိုင်ပြီး နွံ့ကျသွားတိုင်း ဗလင်ဗလင်းက လွှဲခါနေ၏။ အနီရဲရဲတီရှပ်သည် ဘောင်းဘီနောက်ထဲမှာ တချို့၊ ရှေ့မှာ ဖရိုဖရဲ ရှုံ့ရွဲ့ထွက်ကျနေတာ တချို့နှင့် လူသည်လည်း မသေမသပ်နှင့် ...၊

... ... ... တစ်သက်လုံးအကျဉ်းကျခဲ့ နေတဲ့အကျဉ်းသား ... ... ... ... ...

... ... လာပါ မနဲ့မှဖြစ်မှာပါ ... ... ... ... တစ်မနက်လုံး စဉ်းစားခဲ့နေတဲ့ အတွေးများ ... ... ... အရာရာ မနဲ့မှပြည့်စုံမှာ ... ... ... ... ...

အပြန်လမ်းအထိ သီချင်းပါလာတာ ဟိုတစ်စ ဒီတစ်စ ...၊

... ... ... ... ငါ့နှလုံးသားလေးတော့ ဖျော်လိုက်ပြီ ... ... မမကိုလိုချင်တာ ဘာမှမသိ ... ... ...

... ... ... ... ... မမဆယ်လီ ဆယ်လီ ... ... မမဆယ်လီ ဆယ်လီ ... ... ... ...

"ကဲ ... တော်ပါတော့၊ ဟိုမှာဝန်ထမ်းတွေ ဆိုင်ပိတ်နေရင်း မင်းကို ကြည့်ကုန်ပြီ ... "

"ဘယ်မှာလဲ ... ဘယ်သူလဲ ... "

"ကဲ ... ကားပေါ်တက်၊ မကြည့်တော့ဘူး ... "

အလဲတို့ စကား မမှားအောင်လည်း ကြိုးစားနေရသေးသည်။ တကယ်ဆို လူကြီးသားဆိုပြီး နာမည်ကျော်နေတဲ့ ကောင်းချိန်းဆိုတာ ဆယ်လီတွေ

ထက်တောင် ပိုနေသေးသည်။ ဒီကောင်လေး မိုက်ရိုင်းသည်။ အလွန်ပွေသည်။ ရမ်းကားသည်။ စသည် ... စသော ...

"မမဆယ်လီ ဆယ်လီ ... သားက အဲ ... "

ဆိုဖာပေါ်မှာ ထိုင်ချပြီးမှ တိတ်သွားကာ ...၊

"ငါကတစ်လီလား ... တစ်လီတော့မကဘူး လုပ်လိုက် ... "

"တစ်လီဖြစ်စရာလားကွ ... "

"ဖြစ်လည်း ဂရုမစိုက်ဘူး ... "

"ဘာလဲ ... ဖွင့်ပြောတော့မလို့လား ... "

"ဘယ်သူ့ကိုလဲ ... ဘာကြောင့်လဲ ... "

"မင်းမရလောက်ဘူး ... ငါမောင်းမယ်ကောင်း ... "

"စကားမလွှဲနဲ့ ... ထိုင်မှာထိုင်၊ ငါမေးတာဖြေစမ်း ... ငါက ဘယ်သူ့ကို ဖွင့်ပြောရမှာလဲ ... "

"တီ ... "

"ဟာ ... '

"ဂျိမ်း ... "

သူတို့တွေကားထဲ ဝင်ထိုင်ပြီးစ စကားလည်း ကောင်းနေတုန်း ဖွေးခနဲ ကားမီးရောင်နှင့်အတူ ဟွန်းသံနှင့် တစ်ပြိုင်နက် ကားနှစ်စီး၏ တိုက်ဆောင့်ခြင်းက ပြင်းထန်စွာ ...၊

"အား ... "

"ကျွတ် ကျွတ် ... "

သူတို့အားလုံး ကားထဲမှာ အဖြစ်ဆိုး သွားကြသည်။ အားလုံး ခွေခေါက်မှုး

ဝေ ကားဒဏ်ရာတွေလည်းရ။ ထိုစဉ် ...၊

"ဂျိမ်း ... "

"ဟာ ... သွား သွားပြီကောင်း ... "

ကောင်းက တံခါးဖွင့်ပြီး ဆင်းထွက်သွား၏။ ကား၏နောက်မီးတစ်ခု လုံးရစရာမရှိအောင် စုတ်ပြတ်နေလျက် သူထွက်သွားသည်နှင့် တစ်ဖက်ကားထဲကနေ ဆင်းလာသည့် လူငယ်ခြောက်ယောက်က တုတ်တွေ အတိုအရှည်ကိုယ် စီကိုင်လျက် ...၊

"ကောင်းချိန်း ... "

တစ်ယောက်က အံကြိတ်သံနှင့် ေခါ်၏။

"မင်းကို ခြေကျိုးလက်ကျိုး ဖြစ်ချင်လို့ ကိစ္စတုံးလိုက်တာ ... ထွက်လာတော့ အကောင်းကြီးပါလား ... "

အလယ်လူသည် အရပ်အပုဆုံး။ သို့သော် အရှည်ဆုံးတုတ်ကို ကိုင်ထားသည်။ လက်မလောက် တုတ်သော ရွှေဖြူချိန်းကြိုးကြီးနှင့် ဂျာကင်ကို ရင်ဖွင့် ထားလျက် ...၊

"ကောင်းချိန်းဆိုတဲ့ မျက်ရည်ခွေဖုံးက မင်းကိုး ... "

"ဒီမှာ ငါ့ကိုတော့ သေချာကြည့်ဟေ့ ကောင်ငရုပ် ... မင်းကို သတ်ချင်နေတဲ့ များစွာသောတွေထဲက တစ်ယောက် ... "

"ဟွန့် ... "

ကောင်းက လက်နှစ်ဖက်နဲ့ဆံပင်ကို ကျကျနနသပ်၍ ရယ်သည်။ ပြီးတော့ ဟားတိုက် ရယ်ချလိုက်ပြီး ...၊

"အရှုံးသမားကြီးတွေပေ့ါ ... "

သူတို့မျက်နှာတွေ ရဲတွတ်သွားသည်။ ကောင်းက စေ့စေ့ကြည့်၍ရှေ့

တိုးသည်။ မှူးနေတာတွေလည်း ပျောက်ကုန်ပြီ ထင်သည်။ ညာဘက်ပခုံးထဲမှာ ပစ္စည်းတစ်ခုခု ခုနေသလို အောင့်တက် ထုံခဲနေသည်။ ခေါင်းနောက်စေ့မှာ နာကျင်နေ၏။ ဒေါသကို အပြုံးထဲထည့်ပိတ်၍ စူးစိုက်ကြည့်ကာ ...၊

"မင်းတို့ ဘယ်သူဖြစ်ဖြစ် ဒီလိုကြီး မိတ်ဆက်တာကတော့ ငါ့အတွက် သိပ်အဆင်မပြေဘူး ... "

"တောက် ... ခွေးသူခိုး၊ လူပါးဝလို့ ... "

ဂျပုက တုတ်နဲ့ဖြတ်ရိုက်၏။ အရပ်ချင်းကိုက မတူညီသဖြင့် ကောင်းကရှောင်လိုက်ပြီး တုတ်ကို ဆွဲလုလိုက်သည်။ ပြီးတော့ ...၊

"ဖယ်ပေးခဏ ... "

အသိမိတ်ဆွေချင်း စကားပြောသလိုလို။ ထို့ပြင် ဂျပုကိုအသာလေးပဲ တွန်းဖယ်ပစ်လိုက်ပြီး တုတ်ကိုလွှဲမြှောက်၍ ...၊

"ချွမ်း ... ချွမ်း ဖျော ... "

"ဒုန်း ... "

"ဟာ ... "

မှန်ကို နှစ်ချက်လောက် တအား လွှဲရိုက်ပစ်သည်။ ပြီးတော့ ကားဘန်ဘာပတ်လည်ကို မရပ်မနား ရိုက်ချပစ်လိုက်ပြီး ...၊

"ဒုန်း ... "

တုတ်ကိုကားပေါ် လွှဲပစ်လိုက်ပြီး လက်နှစ်ဖက်ပွတ်ခါ၍ ...၊

"ဘယ်ကောင်တက်မလဲ ... လာခဲ့ ... "

"လာတယ်ကွာ ... "

"ဟော့ကောင် ... ဒီဘက်လှည့်စမ်း ... "

အလဲတို့ပြေးဝင်လာကြတော့ အဖွဲ့နှစ်ဖွဲ့ ရှုပ်ယှက်ခတ်ကုန်ကြ၏။ ထိုစဉ် လုံခြုံရေးတွေရော တခြားရှိနေကြသည့်လူတွေပါ ပြေးလွှား ရောက်လာကြပြီး ...၊

"မင်းတို့ကွာ ... "

သိပ်မကြာမီ ရဲကားနှစ်စီး ရောက်လာခဲ့လျက် ...၊

"မင်းက ... "

"ကောင်းချိန်း ... "

***

## အခန်း(၅)

"မေးလိုက်ရင် ကောင်းချိန်း ... ဖြစ်လိုက်ရင် ကောင်းချိန်း၊ ကြားလိုက်ရရင် ကောင်းချိန်း ဆိုတာချည်းပဲ ... "

"ဘုတ် ... "

ပြောနေရင်း လက်ပွေ့အိတ်ကြီးကို အသံမြည်အောင် ပစ်ချလိုက်သဖြင့် ဦးကောင်းပြည့်က လှည့်ကြည့်သည်။ ဒေါ်ခင်သီရိက အိတ်ကို ကမန်းကတန်း ပြန်ကောက်လိုက်ပြီး မျက်နှာသည် ချက်ချင်း ပြုံးကျသွားကာ ...၊

"သူ့ ... သူ့ဟာသူ လဲကျသွားတာပါ အစ်ကိုရဲ့ ... "

ဖြေရှင်းတာတောင် ဦးကောင်းပြည့် မျက်ခုံးထူထူတွေ တွန့်ကုတ်နေတာ တော်တော်နဲ့မပြေ။ ဒေါ်ခင်သီရိ ကိုယ့်ကိုယ်ကိုယ် သတိထားဖို့ ကျိတ်အပြစ်တင်ရင်း ...၊

"သူ့ကိုစိတ်ပူလို့ ပြောတာပါ အစ်ကိုရယ် ... ခင်လည်း သူ့မိထွေးနေရာမှာ နေရပေမဲ့ အဒေါ်အရင်းပါ ... "

"ဒါပေမဲ့ မင်းကို သူ့အမေလို့ သတ်မှတ်တာ မဟုတ်ဘူးလေ ... "

"အဲဒါလည်း အစ်ကို့ အပြောအဆိုနဲ့ ဆိုင်တာပဲ ... "

"ဘာ ... "

ကြောက်ရပေမဲ့လည်း ပြောသင့်တာတော့ ပြောလိုက်ရမှ ကျေနပ်နိုင်မှာမို့ ...၊

"အစ်ကိုက နည်းနည်းလောက် ပြောဆိုဆုံးမပေးရင် ... "

"ငါက ဘာကိုဆုံးမရမှာလဲ ... မင်းတို့တူဝရီး နဂိုတည်းကလည်း ရင်းနှီးခဲ့တာမဟုတ်၊ မင်းဂရုစိုက်ခဲ့တာရော ဘာရှိသလဲ ... "

"တွေ့လား ... "

အင်္ဂလန်မှာ ကျောင်းနေသည့် သိက္ခာတွေ ဂုဏ်ထူးတွေကို ဖက်တွယ်ပြီး မြန်မာပြည် ပြန်လာရင်ခဏ။ ပြီးတော့ အစ်မဖြစ်သူဆီ လာလည်ပါသည်။ လနဲ့ချီပြီး နေတာလည်း ရှိသည်။ သို့သော် ကလေးထိန်းသလား ဆိုတော့ မထိန်းဘဲ ကလေးနဲ့ ရန်ပြိုင်ဖြစ်။ တွေးကြည့်ရင် သူမမှာ အဒေါ်နဲ့တူတဲ့ နူးညံ့ကြင်နာမှု ဆိုတာ ဘာမှမရှိ။ လူကြီးတွေကတော့ ပြောပါသည်။ 'သူလည်း အငယ်ဆုံးပဲ ... အငယ်ဆုံးနဲ့ ကလေးနဲ့ အတူတူပဲတဲ့ ... ကြည့်နေဗိုလ်လုကြမှာပဲ'တဲ့ ...။ 'ကိုယ့်ခယ်မလေးကိုပဲ လက်ထပ်လိုက်ပါ သားရယ်'ဆိုတော့ သူအလွယ်တကူခေါင်း ညိတ်ခဲ့သည်။ ကိုယ့်မိဘစိတ်ထဲမှာ သမီးရှင်မိဘအတွက် ပူနေတာကို နားလည်နေလို့ပါ။ ခင်က နည်းနည်းဆိုးသည်။ ကလေးချင်းဆော့သလို သားနဲ့လည်း စကားနိုင်လုဘက်။ ကစားဖော်လိုဖြစ်နေသဖြင့် ဘာဖြစ်ဖြစ် သူ့ဘက်က ဖြည့်စွက်နားလည်ဖို့ပဲ ရည်ရွယ်ခဲ့သည်။ ခုချိန်မှာ ကိုယ့်အတွက် ကိစ္စမဟုတ်ပေမဲ့ သားက တစ်ရန်တစ်စောင် ...၊

"ဟိုတုန်းကမှ ပြောပြောဆိုဆို ငြင်းစရာရှိရင် ငြင်းကြ ... စားစရာရှိ အတူစားကြဆိုတာ ရှိသေးတယ်၊ ခုဆို မိထွေးဆိုတဲ့ ပုဒ်မကြီးတပ်ပြီး ခင့်ကိုနည်းနည်းမှကို မနူးညံ့ဘူး ... သူစိမ်းမိထွေးလည်း မဟုတ်ဘဲနဲ့ ... "

သူမက ဒါပဲပြန်ပြောပြီး ကောက်ထားသည့် ကျောလောက်ဆံပင်လေးတွေကို ပွတ်သပ်၏။ ပြီးတော့ အခန်းနံရံသုံးထားသည့် မှန်ချပ်ထဲမှာ ကိုယ့်အရိပ်ကို လှမ်းမြင်တော့ ခါးလေးဆန့်ပြီး မျက်နှာ ငဲ့လိုက်မော့ကြည့်လိုက်။ ဦးကောင်းပြည့် ခေါင်းခါလိုက်မိသည်။ ဒီပုံစံနဲ့များ မိခင်ဖြစ်ချင်ပါသတဲ့ ...၊

"ခင်ပြောတာက ... "

"တော်တော့ခင် ... မင်းနဲ့ကောင်းကြားမှာ ငါရင်ကြားစေ့ဖို့ မင်းမျှော်လင့်မနေနဲ့၊ ကောင်းကလည်း ကလေးမဟုတ်ဘူး ... မင်းက သူ့အမေဆိုရင်တောင် သူ့ခုလို နေထိုင်သွားလာ နေတာကို တားဆီးဆုံးမဖို့ဆိုတာ ... "

"ဘာလို့မရရမှာလဲ အစ်ကိုရဲ့ ... အဖေပြောလို့ မရတာတွေ အမေကပြောနိုင်တယ် ... "

"မင်းက သူ့အမေမှ မဟုတ်တာ စိတ်လျှော့လိုက်တော့ ... "

"အစ်ကို့ ... "

သူဒီဘက် ပြန်လှည့်လိုက်တော့ ဒေါ်ခင်သီရိက ကမန်းကတန်း ထရပ်ကာ ...၊

"အခု ကောင်းကိုသွားထုတ်ဖို့ ... "

"ပြန်ရောက်နေပြီ ... "

"ဟုတ်တယ် ... "

တူကိုတော့ စိတ်ပူရှာသည်။

"ရန်ဖြစ်တာကြီးကိုတော့ ဆုံးမပါဦး အစ်ကိုရယ် ... ပြီးခဲ့တဲ့လက BBQ ဆိုင်ကို ကားနဲ့ ဝင်တိုက်ပစ်တဲ့ ကိစ္စလည်း ... "

"ဟော့ ... အဲဒါတွေ ပြန်မပြောနဲ့၊ နံရံတွေမှာ နားတွေရှိတယ် ... "

သူ့သားကိုထိရင် နည်းနည်းမှ မကြိုက်။ မမ မဆုံးခင်တည်းက မမနဲ့ခင်က တစ်ဖက် သားနဲ့အဖေက တစ်ဖက်။ သားကို မွေးပြီးတာနဲ့ နောက်ထပ်ကလေး မရနိုင်တော့သည့် မမအခြေအနေကြောင့် ဒီသားလေးတစ်ယောက်တည်းကို ချစ်နေတာလည်း ဖြစ်နိုင်သည်။ ကောင်းချိန်းတို့ကံကောင်းချက်က သူမတောင် သူ့အတွက် ကလေးမယူတော့ဖို့ ဆုံးဖြတ်ခဲ့

သည် အထိ ...၊

"သားလုပ်ပုံတွေ မှားယွင်းနေတာ ငါသိတယ်ခင် ... ဒါပေမဲ့ အသိဆိုတာ ကကြီးခခွေးလို နှုတ်တိုက် အံခိုင်းပြီး ခေါင်းထဲရိုက်ထည့်လို့ ရတာမျိုး မဟုတ်ဘူး၊ ငါလိုချင်တာလည်း နာခံတာမျိုး မဟုတ်ဘူး ... ကိုယ်တိုင် နားလည်တာကို လိုချင်တာ၊ သူကိုယ်တိုင် နားလည်လက်ခံလာရင် ဒီနေ့ စိတ်ပျက်စရာကောင်းနေတဲ့ သူ့ရဲ့လုပ်ရပ် အပြုအမူအားလုံးက အလွယ်လေး ပြောင်းလဲသွားမှာ ... ဘာဖြစ်လို့လဲဆိုတော့ ငါ့သားမှာမကောင်းတဲ့ ဉာဏ်ဆိုးမရှိဘူး ... "

ဒါတော့ ဟုတ်တာမို့ ခေါင်းညိတ်မိပေမဲ့ ...၊

"သူများသားသမီးတွေလို အပြင်မှာတော့ မခိုးမဝှက်ပါဘူး ... အိမ်ထဲမှာတော့ မိဘဆီက မသိအောင် နှိုက်လိုက်၊ သိအောင်ယူလိုက် ... လိမ်ညာလှည့်ပတ်တာမျိုး ... "

ခိုးစရာလိုလို့လားလို့ စိတ်ထဲမှာပက်ခနဲ ပြန်ပြောမိသည်။ ဒီသားအတွက် ဆေးစက်ကျရာ အရုပ်ထင်စေသည်။ ငွေကိုလမ်းခင်းပြီး ငွေဖွန်းကိုက် ရွှေဇွန်းနဲ့ထမင်းစား။ ဘယ်အထည်ဝတ်ဝတ် ရတနာမပါတဲ့ အထည်ဆိုတာမရှိ။ ဘယ်လမ်းသွားသွား ဘယ်ရောက်နေနေ သူငယ်ချင်းကတစ်မျိုး မသိမသာ မြင်သာအောင် ထားထားတဲ့ အစောင့်အရှောက်တွေက သတ်သတ်။ ဒါတွေကို သားဖြစ်သူ မသိစေရ ...၊

"ငွေကိုထင်သလို ဘယ်လိုသုံးနေနေ လောင်းကစား မဖက်ရဘူး ... တရားလွန်မူးရူးပြီး ကာရိုက်တာ ပျက်အောင် မလုပ်ဘူး၊ သူ့စိတ်ထဲမှာ 'ငါ့အဖေ ဂုဏ် သိက္ခာမထိခိုက်စေရဘူး'ဆိုတဲ့ အသိရှိတယ် ... ဒါကြောင့် ငါ့သားကို တော်ရုံနဲ့ ငါဘယ်တော့မှ ငြိုငြင်မှာ မဟုတ်ဘူး ... "

တော်ရုံဆိုတာ ဘယ်အထိများလဲ ...။ မိန်းမပွေတာ ရှုပ်တာတွေကလည်း

ကြီးမားတဲ့ ထိခိုက်မှုတွေ ဖြစ်လာနိုင်တယ်ဆိုတာ ပြောပြချင်မိသည်။ ခုခေတ်မှာ ဘာတွေ ဖြစ်ပျက်နေကြသလဲ ...။ ယောကျ်ားလေးနဲ့ မိန်းကလေးတွေ အစတုန်းက ချစ်သူ။ အကြောင်းအမျိုးမျိုးနဲ့ အဆင်ပြေနေကြသည်။ ပြီးတော့ ဘာတွေဖြစ်ကုန်သလဲ ... ငွေပေါတယ်ဆိုပြီး နေရာတကာကို ငွေနဲ့ဖြေရှင်းလို့ မရတော့တဲ့ အခါ ဘာတွေဖြစ်ကုန်သလဲ အစ်ကိုမသိပါလား ...။ ဒေါ်ခင်သီရိ တွေးနေတုန်း ဦးကောင်းပြည့်ရဲ့ သက်ပြင်းချသံ ကြားလိုက်ရကာ ...၊

"မိန်းကလေးတွေနဲ့ ပြဿနာရှုပ်တာတွေတော့ စိုးရိမ်တယ် ... "

ဒါဆို အစ်ကိုလည်း ခုခေတ်ကို မျက်ခြည်မပြတ်ဘူးဘဲ ...။ ကိုယ့်အတွေးလေးနဲ့ထပ်တူကျတော့ ဒေါ်ခင်သီရိ ဝမ်းသာအားရ ဖြစ်သွားကာ ...၊

"အခု သူတွဲနေတဲ့ မော်ဒယ်က ကဲဆိုလားဘာလား ... "

"တွဲတာမဟုတ်ဘူး ... စိတ်ဝင်စားနေတာ ... "

"ဟုတ်တယ် ... အဲဒါပြောမလို့၊ အစ်ကို့သား အကြီးကြီး ခံရမှာသိလား ... ခင်သေချာ စုံစမ်းထားတယ်၊ အဲဒီတစ်ယောက်က တခြား မော်ဒယ်တွေလို မဟုတ်ဘူးတဲ့ ... ထက်ထက်မြက်မြက်လည်း ရှိတယ်၊ ဣန္ဒြေလည်းရှိတယ်တဲ့ ... "

"မင်းသိထားတာထက် ငါပိုသိတယ် ... ခုခေတ် ဘာတွေ ဖြစ်ပျက်နေကြသလဲ သူမြင်နေကြားနေတာပဲ၊ အဲဒီကြားက ... "

"ဖြစ်ရတယ် အစ်ကိုရယ် ... "

ဦးကောင်းပြည့်က စိုက်ကြည့်နေတော့မှ ဒေါ်ခင်သီရိရဲ့ ထက်သန်မှုတွေ အနည်းငယ် လျော့ကျသွားကာ ...၊

"ဖြစ်တတ်တာတွေ ပြောချင်လို့ပါ ... "

ထိုစဉ် လိမ္မော်သီးဖျော်ရည် လာပေးသဖြင့် နေရာမှထကာ ဦးကောင်းပြည့်ကို သူမ ကိုယ်တိုင်ပေးသည်။ ပြီးမှ သူမအတွက်ကို ကောက်ကိုင်၏။ ပြီးတော့ ဦးကောင်းပြည့်နှင့် ကပ်နေသည့် ဆက်တီအစွန်းမှာ ဝင်ထိုင်လိုက်ပြီး မော့ကြည့်ကာ ...၊

"ဒါမျိုးကိစ္စတွေက ရှေ့ဆောင်လမ်းပြတွေကို စံနမူနာယူပြီး ခေါက်ရိုးကျိုးသွားကြတဲ့ ထဲမှာ မပါဘူးအစ်ကိုရဲ့ ... အဖေရယ် အမေရယ်ကမွေး သားတွေ သမီးတွေဖြစ်၊ ပြီးတော့ သားသမီးတွေက မိဘပြန်ဖြစ် ... အဲဒီလို သံသရာလည်နေ ကြတာလေ၊ မိဘက မင်းအဖေကိုကြည့်ပါလား ... မင်းအစ်ကိုကိုကြည့်ပြီး နမူနာ ယူ၊ မင်းအဘွားတုန်းက ဘယ်လို ... အို ဘယ်လို ဥပမာ ဥပမေးတွေပြပြ သားသမီး ဆိုတဲ့ပါဝါနဲ့ အမှားကျူးလွန်ဖို့က ပါမစ်ရပြီးသားပဲ ... ဖေ့စ်ဘွတ်ခ်ပေါ်မှာ ဘာတွေဖြစ်ပျက်နေနေ 'ဒီကောင်ငတုံး'လို့ ကဲ့ရဲ့လိုက်မယ်၊ 'ငါဆင်ခြင်မှ' ဆိုတာမျိုး တွေးမယ် ထင်လို့လား ... "

နည်းနည်းလောက် ပြောခွင့်ပေးလိုက်တာနဲ့ ဒေါ်ခင်သီရိတို့ နားငြီးအောင်ပြောပါလိမ့်မည်။ ဦးကောင်းပြည့် မျက်နှာလွှဲလိုက်ပေမဲ့ သူမကမရပ်သေး ...၊

"သူ့အတွက်က ဘယ်အရာဖြစ်ဖြစ် မရတာမှမရှိဘူးတာ ... ငွေမမက်တဲ့ မိန်းကလေးလည်း သူ့ကိုမက်ပြီး ပစ်ကျတာပဲ၊ သူကရုပ်ချောတယ်လေ ... ပြီးတော့ အပေးအယူတွေ မသင့်မတင့်တွေ ဖြစ်ကုန်ကြပြီး ... "

"ကဲ ... မင်းသိတာတွေ ငါသိတယ်ဆိုရင် မပြီးဘူးလား၊ ကောင်းအတွက် လုပ်ရမှာတွေ မပြီးသေးဘူး ... "

"အစ်ကို ... "

ဒေါ်ခင်သီရိက ကမန်းကတန်း လိုက်ထရပ်လိုက်ကာ ...၊

"ကောင်းကို လက်ထပ် ပေးလိုက်ရအောင်လေ ... "

"သူထင်ရာလုပ်နေတဲ့သူကို ... "

"ဒါပေမဲ့ သူထင်ရာ လုပ်ခွင့်ပေးခဲ့ပြီးပြီ ... လက်ထပ်ဖို့တော့ ငါစီမံမယ်လို့ အစ်ကိုက ပြောလေ ... "

"ဟုတ်တယ် ... ငါ့ကို မင်းကသင်ပေးပါ ... "

စိတ်တိုသွားသည့်ကြားက ရယ်ချင်လာသည်။ ဒေါ်ခင်သီရိကတော့ ပြောချင်တာ မဆုံးလိုက်ခင် ပြီးဆုံးသွားခဲ့သဖြင့် နေရာမှာပြန်ထိုင်ရင်း ...၊

"မိန်းကလေး တစ်ယောက်လောက်နဲ့ တစ်ခုခုငြိကြည့် ... သင်းမလိုချင်ဘူး ဆိုပြီး ပတ်ပြေးလည်း မိုးအဆုံး မြေအဆုံးလိုက်ပြီး အဲဒီမိန်းကလေးနဲ့ ပေးစားပစ်မယ် ... ခင်သီရိတဲ့ ဟွန်း ... "

***